ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်၊ သောကြာနေ့ (5-4-2013) (၇၄၄၆)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နော်ဝေနိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနဝန်ကြီးနှင့်အဖွဲ့အား တွေ့ဆုံ

နေပြည်တော် ဧပြီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၁၁ နာရီတွင် နော်ဝေနိုင်ငံ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနဝန်ကြီး H.E. Mr.Trond Giske ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် နော်ဝေနိုင်ငံ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန ဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေသံအမတ်ကြီး Ms. Katja Nordgaard နှင့် နော်ဝေနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ဘက်စုံ၊ ကဏ္ဍစုံ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ လုပ်အားကို အခြေခံသော စက်ရုံအလုပ်ရုံများ ထူထောင်ရေး၊ အိုင်တီနည်းပညာနှင့် ဆက်သွယ်ရေးကဏ္ဍများတွင် စက်ရုံအလုပ်ရုံများထူထောင်၍ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး၊ သဘာဝထွက်ကုန်များကို အခြေခံ၍ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်နိုင်မည့် အသေးစားနှင့် အလတ်စားစက်ရုံ၊ အလုပ်ရုံများ လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရေး၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေး လုပ်ငန်းများတွင် နော်ဝေနိုင်ငံ ကုမ္ပဏီများမှ လာရောက်ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးကြသည်။

(သတင်းစဉ်)

လက်ခံတွေ့ဆုံ ဆွေးနွေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နော်ဝေနိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး H.E . Mr. Trond Giske အား လက်ခံတွေ့ဆုံ ဆွေးနွေးစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် သဟဇာတဖြစ်ရေးအတွက် အရပ်ဘက် လူ့အဖွဲ့အစည်းများနှင့် ဘာသာပေါင်းစုံ ဆွေးနွေးပွဲသို့ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရထံမှ ပေးပို့သော ငြိမ်းချမ်းရေး သဝဏ်လွှာကို စာမျက်နှာ (၆)တွင် ဖော်ပြထားပါသည်။

ယနေ့ မာတိကာ

ဘက်စုံပညာထူးချွန်လူငယ်များ ပဒုက္ကာတွင် လေ့လာ
စာမျက်နှာ ➢ ၃

ဒုံးကျည်ကာကွယ်ရေးစနစ်များ ဂူအမ်ကျွန်းသို့ ရွှေ့ပြောင်း
စာမျက်နှာ ➢ ၄

မြန်မာ့ဆန်ချောများ ပြည်ပမှမှာယူ တန်ချိန်အလိုက် တင်ပို့နိုင်ရန် ပြင်ဆင်ထားသင့်
စာမျက်နှာ ➢ ၁၁

ဂျက်စတင်ဘီဘာ၏ဖျော်ဖြေပွဲနှင့် တိုက်ဆိုင်နေသဖြင့် နော်ဝေနိုင်ငံ၏ ကျောင်းငါးကျောင်း စာမေးပွဲဖြေဆိုမည့်ရက် ပြောင်းလဲ
စာမျက်နှာ ➢ ၁၂

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေကစားမဏ္ဍပ်ပုံစံ ဒီဇိုင်းအသစ်ဖြင့် တည်ဆောက် အဝေးမှကြည့်ရှုနိုင်ရန် ၉ ပေ × ၁၈ ပေရှိ LED ဘုတ်များ ထားရှိသွားမည်

ရန်ကုန် ဧပြီ ၄

ရန်ကုန်မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်တွင် မြို့တော်နေ ပြည်သူအများ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ပျော်ရွှင်အေးချမ်းစွာ ရေကစားနိုင်ရန်အတွက် ယခင်နှစ်များနှင့်မတူသော ရေကစားမဏ္ဍပ်ပုံစံဒီဇိုင်းသစ်**(အောက်ပုံ)**အား ခေတ်စနစ်နှင့်အညီ ပြုပြင်တည်ဆောက်ပြီး နေ့ပိုင်းယိမ်းအဖွဲ့များ၊ စတီရီယိုတေးသံရှင်များနှင့် ညပိုင်းလူရွှင်တော်ရွှေဖလားအငြိမ့်အဖွဲ့များ ကျယ်ကျယ်ပြန့်ပြန့် ဖျော်ဖြေတင်ဆက်နိုင်ရန်အတွက် ရန်ကုန်မြို့တော်ဝန်ရေကစားမဏ္ဍပ်ကို ငွေကျပ် သိန်း ၂၅၀ ခန့်အကုန်အကျခံ တည်ဆောက်ရန် စီစဉ်ထားကြောင်း သိရသည်။

ရန်ကုန်မြို့တော်ဝန် ရေကစားမဏ္ဍပ်ကို YCDC အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ မြို့တော်နေ ပြည်သူများ အတာရေနှင့်အတူ အေးချမ်းပျော်ရွှင်နိုင်စေရန် မဏ္ဍပ်ဗဟိုအလယ်တွင် လခြမ်းဒီဇိုင်းနှင့် မဏ္ဍပ်၏ တစ်ဖက်တစ်ချက်တွင် အဝေးမှကြည့်ရှုခံစားစေနိုင်သော (၉ ပေ× ၁၈ ပေ)ရှိသည့် LED ဘုတ်များ ထားရှိသွားမည်ဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၃ သို့

မော်လမြိုင်ကျွန်းမြို့ ယမုန်နာမြို့ပတ်လမ်း မြစ်ရေတိုက်စားမှုကြောင့် လမ်းပျောက်

မော်လမြိုင်ကျွန်း ဧပြီ ၄

ဧရာဝတီတိုင်း ဒေသကြီး မော်လမြိုင်ကျွန်းမြို့ အနောက်ပိုင်းရပ်ရှိ တုံးလှဲ့ချောင်း အနောက်မြစ်ရေမှာ ၁၉၉၀ ခုနှစ်မှ စတင်ပြီး မြစ်ရေတိုက်စားခဲ့ရာ မြစ်အနီးရှိ မြို့မ (၉)ရပ်ကွက် ယမုန်နာမြို့ပတ်လမ်းမှာ နှစ်ပေါင်း ၂၂ နှစ်ကျော် မြစ်ရေတိုက်စားမှုဒဏ်ကြောင့် လူနေအိမ်ခြေ ၂၉ လုံးအနက် လူနေအိမ် ခုနစ်လုံးသာ ကျန်ရှိတော့ပြီး ယမုန်နာမြို့ ပတ်လမ်းမှာ လုံးဝလမ်းပျောက်သွားပြီဖြစ်သည်။

ယင်းတုံးလှဲ့ချောင်း အနောက်မြစ်ရေမှာ နှစ်စဉ် တပေါင်းလမှ တန်ဆောင်မုန်းလအထိ ပုံမှန်ရေတိုက်စားလေ့ရှိသဖြင့် တစ်နှစ်လျှင် လမ်းမြေ ၁၀ ပေမှ ၁၅ ပေအထိ မြေများပြို၍ နေရာကွက်ကြား ရေတိုက်စားခံကြရသည်။ တုံးလှဲ့ချောင်း မြစ်ရေတိုက်စားမှုကြောင့် ဧပြီ ၄ ရက်အထိ ယမုန်နာမြို့ပတ်လမ်းရှိ ပေ ၁၀၀၀ ကျော်ရှည်သော လမ်းမြေအားလုံး ရေတိုက်စားခံရခြင်း၊

စာမျက်နှာ ၃ ကော်လံ ၁ သို့

ကြေးမုံ စာတည်းရှုထောင့် ၅-၅-၂၀၁၂ [သောကြာနေ့]

မိုးသောက်ယံအိပ်မက်

အိပ်မက်ဟူသည် လူတစ်ဦးအိပ်စက်နေစဉ် ထိုသူ၏စိတ်အာရုံ၌ ထင်ဟပ်လာသည့် အမှန်တကယ်မဟုတ်သောအကြောင်းအရာအဖြစ်အပျက်သာတည်း။ အိပ်စက်နေစဉ် ထွေရာလေးပါး ပြေးကစားနေသော လက်တွေ့မဟုတ်သည့် အဖြစ်အပျက်ကို အိပ်မက်မက်သလိုဟု ဆိုကြသည်။

သို့သော် မြန်မာတို့၏အိပ်မက်တိတ္ထံုကျမ်းအလိုအရမူ လူတို့အိပ်စက်ပြီးနောက် အိပ်မက်မက်တတ်ကြရာ ညဥ့်ဦးယံ၊ ညဥ့်လယ်ယံ၊ မိုးသောက်ယံဟူသည် ညဥ့်သုံးယံရှိရာ နံနက်မိုးသောက်ယံ၌ မက်သောအိပ်မက်သည် အမှန်နှင့်အမြန် ဖြစ်တတ်သည်ဟု ဆိုထားပါသည်။

ထို့ကြောင့် ပြည်သူအများစု မက်ခဲ့ကြသော တယ်လီဖုန်းအိပ်မက်ကိုမူ မိုးသောက်ယံအိပ်မက်ဟု တင်စားချင်ပါသည်။ ပြည်သူတို့မက်ခဲ့ကြသော အိပ်မက်သည် ယနေ့ကာလ၌ အမှန်တကယ် လက်တွေ့ကျကျ အကျိုးရလဒ်ဖြစ်စေသည့် အိပ်မက်ပေတည်း။

ပြည်သူများ၏မျှော်လင့်ချက်များ လက်တွေ့ကျကျပေါ် ထွက်လာစေရန်အတွက် နိုင်ငံတော်သမ္မတကြီးက မကြာခဏထုတ်ဖော်ပြောကြား အသိပေးထားခဲ့ပြီးဖြစ်သည်။ ထိုသို့ပြောကြားခဲ့သည့်အတိုင်းလည်း တစ်ခုပြီးတစ်ခု ဖော်ဆောင်ပေးခဲ့သည်ချည်းသာဖြစ်သည်။

ဧပြီလ ရေဒီယိုမိန့်ခွန်းတွင် နိုင်ငံတော်သမ္မတကြီးက "ပြည်သူအများ မျှော်လင့်စောင့်စားနေကြတဲ့ မိုဘိုင်းတယ်လီဖုန်းဆင်းမ်ကတ်များကို ယခုဧပြီလမှစပြီး သက်ဆိုင်ရာဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနမှ လိုအပ်သည့်အမိန့်ကြော်ငြာစာများ ထုတ်ပြန်ပြီး အသက်သာဆုံးကျပ်ငွေနှုန်းထားဖြင့် ကျွန်တော် ကတိပေးပြောကြားထားသည့်အတိုင်း ရောင်းချပေးသွားမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ယခုလက်တွေ့တွင် ကျပ်ငွေ ၁၅၀၀မျှဖြင့် မိုဘိုင်းဖုန်းသုံးစွဲနိုင်တော့မည်ဟု ကြားသိလိုက်ရာ နိုင်ငံတော်သမ္မတကြီး၏ ကျေးဇူးကြောင့် ပြည်သူများ မက်ခဲ့သည့်အိပ်မက် လက်တွေ့အကောင်အထည်ပေါ်လာပြီဖြစ်သကဲ့သို့ ပြည်သူအားလုံးအနေဖြင့်လည်း ဝမ်းမြောက်ဝမ်းသာဖြစ်ကြမည်မှာ အမှန်ဖြစ်ပေသည်။

အနယ်နယ်အရပ်ရပ်ရှိ မိဘပြည်သူများ လွယ်လင့်တကူအသုံးပြုနိုင်ရန်အတွက် ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် ယခုလ ၂၄ ရက်နေ့မှစတင်၍ မိုဘိုင်းတယ်လီဖုန်း ဆင်းမ်ကတ်များကို တစ်ခုလျှင် ကျပ် ၁၅၀၀ နှုန်းဖြင့် ရောင်းချပေးတော့မည်ဖြစ်သည်။

ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် လစဉ်မိုဘိုင်းဖုန်းဆင်းမ်ကတ် အရေအတွက် ၃၅၀၀၀၀ ရောင်းချပေးသွားမည်ဖြစ်ရာ မူလကမျှော်မှန်းထားသည့် ၂၀၁၅ ခုနှစ်တွင် မိုဘိုင်းဖုန်းအရေအတွက် သန်း ၃၀ ထက် ကျော်လွန်ရောက်ရှိသွားမည်ဖြစ်၍ မကြာမြင့်မီကာလတွင် အိမ်နီးချင်းနိုင်ငံများကဲ့သို့ မြန်မာနိုင်ငံရှိ ပြည်သူအရေအတွက်ထက် တယ်လီဖုန်းအရေအတွက် ကျော်လွန်လာမည်ဖြစ်သည်။

ဤသို့ ပြည်သူများဆက်သွယ်ပြောဆိုမှု လွယ်ကူချောမွေ့စေရန်နှင့် သက်သာသောနှုန်းထားဖြင့် အသုံးပြုနိုင်ရန်အတွက် နိုင်ငံတော်က စေတနာရှေ့ထား၍ ဆောင်ရွက်ပေးရာ၌ ထိုဆောင်ရွက်ပေးမှုအပေါ် အမြတ်ထုတ်အသုံးချမှုမရှိစေရန် အစီအမံများပြုလုပ်ပေးထားသည်။ သုံးစွဲသူများအပိုင်းကလည်း သုံးစွဲရမည့်နည်းလမ်းများကို သိရှိထားဖို့လည်း လိုမည်ဖြစ်သည်။

ဆက်သွယ်ရေးကဏ္ဍ တစ်ခေတ်ဆန်းသစ်စေရန်အတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့်အတူ အခြားလိုင်စင်ရအော်ပရေတာများက နိုင်ငံတစ်ဝန်းလုံးရှိပြည်သူများ လုံလောက်စွာဆက်သွယ်အသုံးပြုနိုင်ရန်အတွက် မိုဘိုင်းဖုန်းစနစ်များကို တိုးချဲ့တပ်ဆင်လျက်ရှိသည်။ တပ်ဆင်ပြီးစီးပါကမည်သည့်ကန့်သတ်ချက်မျှမရှိတော့ဘဲ လွတ်လပ်စွာရောင်းချသုံးစွဲနိုင်တော့မည်ဖြစ်သည်။

ထို့ကြောင့် ပြည်သူများ၏ အိပ်မက်၊ မျှော်လင့်ချက်များမှာ သို့လောသို့လော ဝေဝါးနေစရာမလိုဘဲ လက်တွေ့တွင် အမှန်တကယ် အကောင်အထည်ပေါ်လာမည့် မိုးသောက်ယံတယ်လီဖုန်းအိပ်မက်ဟု ဆိုလိုချင်ပါသည်။ ။

ကမ္ဘာ့အဆင့်အတန်းမီအောင် စနစ်တကျစိုက်ပျိုးထုတ်လုပ်

နေပြည်တော် မေ ၄

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ငလိုက်ဆည်ရေသောက်စနစ် ကိုရီးယားမျိုးမြေပဲ မျိုးသန့်မျိုးပွားဧက ၂၀ စိုက်ခင်းရင့်မှည့်ဖြစ်ထွန်းနေမှုများ၊ တစ်နာရီတစ်တန်ကျ ဘက်စုံသုံး မျိုးစေ့သန့်စင်စက်များ၊ လယ်ယာသုံးစက်ကိရိယာများ၊ ခေတ်မီရိတ်သိမ်း ခြွေလှေ့စက်များ၊ နောက်တွဲထွေလာယာဉ်နှင့် ဘက်စုံသုံးတစ်ပိုင်တစ်နိုင်လက်တွန်းထွန်စက်များ၊ တစ်နေ့ ၅ တန်ကျ မျိုးစေ့သန့်စင်စက်များ၊ အဆင့်မြင့်နဂါးမောက်သီးနှံစိုက်ခင်းများနှင့် စိန်တလုံးသရက်သီးစိုက်ခင်းများသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်**(အောက်ပုံ)**သည် ကိုရီးယားသမ္မတနိုင်ငံမှ စိုက်ပျိုးရေးပညာရှင်များနှင့်အတူ ယမန်နေ့ နံနက် ၇ နာရီခွဲတွင် ကွင်းဆင်းစစ်ဆေးပြီး မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန်ပစ္စည်းများအား အရည်အသွေးကောင်းမွန်မှု၊ ဈေးကွက်ယှဉ်ပြိုင်နိုင်မှုတို့ဖြင့် ကမ္ဘာ့အဆင့်အတန်းမီအောင် စနစ်တကျစိုက်ပျိုးထုတ်လုပ်ပြီး ကိုရီးယားနိုင်ငံကဲ့သို့သော ဈေးကောင်းရရှိနိုင်မည့်ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရန် မျက်ခြည် မပြတ်နည်းလမ်းရှာဖွေဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိန်တလုံးသရက်သီးနှင့် နဂါးမောက်သီးကဲ့သို့ ဈေးကောင်းရရှိနိုင်မည့်သီးနှံများကို နိုင်ငံတကာဈေးကွက်သို့ ထိထိရောက်ရောက် ကျယ်ပြန့်စွာ တင်ပို့ရောင်းချနိုင်ရေးအတွက် နိုင်ငံတကာ စံချိန်မီ ဘေးအန္တရာယ်ကင်းရှင်းလုံခြုံစိတ်ချရမှု လုပ်ငန်းစဉ် စံချိန်စံညွှန်းများနှင့်ကိုက်ညီစွာ ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေးကို ပညာရှင်များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက နည်းလမ်းရှာဖွေဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်တွင်းစားသုံးမှုလိုအပ်ချက်ထက် ပိုလျှံနေသောသီးနှံများကို ပြည်ပဈေးကွက်သို့ ရာသီအချိန်ကိုက် စံချိန်မီတင်ပို့ရောင်းချနိုင်မှသာလျှင် မူလအခြေခံစိုက်ပျိုးထုတ်လုပ်သော တောင်သူများ ဝင်ငွေတိုးတက်ရရှိမည်ကို အထူးသတိပြုပြီး ဈေးကွက်ရှာဖွေရေးနှင့် ဈေးကွက်လိုအပ်ချက်ကို ပုဂ္ဂလိကအခန်းကဏ္ဍမှ မျက်ခြည်မပြတ် ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)



အနေ့ယာဉ်(ဆိုက်ကား) သက်တမ်းတိုးလိုင်စင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ထုတ်ပေး

ရန်ကုန် မေ ၄

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်ရှိ အနေ့ယာဉ် (ဆိုက်ကား) စီးရေ ၄၃၀ ကျော် သက်တမ်းတိုးလိုင်စင်ထုတ်ပေးခြင်းကို မေ ၁ ရက်မှ ၅ ရက်အထိ သတ်မှတ်ထားပြီး မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၌ လက်ထောက်အုပ်ချုပ်ရေးမှူး ဦးသန်းဦးနှင့် ဝန်ထမ်းများ၊ မြို့နယ်အနေ့ယာဉ်ဂိတ်မှူး ဦးမျိုးမြင့်နှင့် အဖွဲ့ဝင်များ ပူးပေါင်း၍ အနေ့ယာဉ်(ဆိုက်ကား)များ ကြံ့ခိုင်မှု ရှိ/မရှိ စည်းကမ်းချက်နှင့်အညီ စစ်ဆေးပြီး**(ယာပုံ)** သက်တမ်းတိုး လိုင်စင်ထုတ်ပေး၍ စည်းကမ်းမဲ့၊ လိုင်စင်မဲ့ မောင်းနှင်မှုမရှိစေရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၅၁၂)

ပြည်တွင်းရေးရာ

ဘက်စုံပညာထူးချွန်လူငယ်များ ပခုက္ကူတွင်လေ့လာ

ပခုက္ကူ မေ ၄

ဘက်စုံပညာ ထူးချွန်ကြသည့် သားကောင်းမောင်မယ် ၁၇၀ တို့သည် မေ ၄ ရက် နံနက်က ပုဂံအပန်းဖြေစခန်းမှ ပခုက္ကူမြို့သို့ ထွက်ခွာလာရာ အရှည် ၂ ဒသမ ၁၆ မိုင်ရှည်လျားသော ဧရာဝတီတံတား (ပခုက္ကူ) သို့ ရောက်ရှိလေ့လာကြပြီး ပခုက္ကူမြို့ အမှတ် (၁၅)ရပ်ကွက်ရှိ သက္ကရာဇ် ၄၇၇ ခုနှစ်တွင် ပုဂံပြည့်ရှင် အလောင်းစည်သူမင်းကြီး ပင့်ဆောင်တည်ထား ကိုးကွယ်ခဲ့သော သီဟိုဠ်ရှင်မြတ်စွာဘုရားကြီးသို့ ရောက်ရှိကြည်ညို ဖူးမြော်လေ့လာကြသည်။ **(ယာပုံ)**

ဆက်လက်၍ အမှတ် (၁) ရပ်ကွက် (ဗုဒ္ဓကုန်း)ရှိ သာသနာသက္ကရာဇ် ၂၁၈ ခုနှစ်တွင် သီရိဓမ္မာသောကမင်းကြီး တည်ထားကိုးကွယ်ခဲ့သော ရွှေမုဋ္ဌောစေတီတော်အား သွားရောက်ဖူးမြော်လေ့လာကြပြီး ရေစကြိုမြို့နယ် ပခန်းကြီးဒေသရှိ စည်သူရှင်ဘုရားနှင့် ပခန်းကျောင်းတော်ကြီးတို့အား သွားရောက်ဖူးမြော်လေ့လာကြမည်ဖြစ်ကြောင်း သိရသည်။

အောင် (မန်းတက္ကသိုလ်)

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၊ ပါမောက္ခချုပ် ဦးညီညီစံအား ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)၊ ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်အား အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် စည်းဝေး

ရန်ကုန် မေ ၄

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၌ ယနေ့ နံနက် ၁၀ နာရီက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ် (၁၂၀)ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်းများ ဖြေကြားခြင်း၊ အဆိုများတင်သွင်းခြင်း၊ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ်လွှတ်တော် စည်းဝေး

နေပြည်တော် မေ ၄

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို မေ ၃ ရက် နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထိန်လင်း၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်းများမေးမြန်းဖြေကြားခြင်း၊ အဆိုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❖ မော်လမြိုင်ကျွန်းမှ

လမ်းတစ်လျှောက်ရှိ အိမ်ခြေ ၂၂ လုံး၏ အိမ်မြေများ ရေတိုက်စားခံရခြင်းနှင့် နေအိမ်ရှေ့များရှိ အုန်းပင်၊ သရက်ပင်နှင့် ကုက္ကိုပင်များပါ ရေတိုက်စားခံရပြီး ရေထဲပြိုကျပါသွားပြီဖြစ်သည်။

အဆိုပါ ရေတိုက်စားခံရသော လူနေအိမ် ၂၂ လုံးမှာ နေအိမ်များမရှိတော့သဖြင့် ဆွေမျိုးမိသားစုများထံ ပြောင်းရွှေ့နေထိုင်ကြရပြီး ကျန်ရှိသော လူနေအိမ် ခုနစ်လုံးအနက် အချို့လူနေအိမ်များမှာ ရေတိုက်စားသဖြင့် ဖျက်သိမ်းနေရပြီး အချို့နေအိမ်များမှာမူအိမ်မြေရေထဲပါမသွားရေးအတွက် မိမိတို့အစီအစဉ်ဖြင့် သဲအိတ်များချပြီး ကြိုတင်ပြင်ဆင်ကာကွယ်မှုများ ပြုလုပ်နေကြသည်။

မော်လမြိုင်ကျွန်းမြို့ အနောက်ပိုင်းရပ် မြို့မျက်နှာစာဆိမ်ကမ်းအလုမပျက်ယွင်းစေရေးအတွက် မြို့မ (၉) ရပ်ကွက် ယမုန်နာမြို့ပတ်လမ်း ပြန်လည်ဖော်ထုတ်ခြင်း၊ ကျောက်ဂဝံချ၍ ကမ်းဆယ်ခြင်းနှင့် ကျောက်ပြားကပ်၍ ကမ်းဆယ်ခြင်းများ ပြုလုပ်ပေးရန် ယမုန်နာမြို့ပတ်လမ်း ပြည်သူများက လိုလားနေကြောင်း သိရသည်။**(ဝ၆၅)**

✳ ရန်ကုန်မြို့တော်ဝန်မဏ္ဍာပ်မှ

မြို့တော်နေပြည်သူများအား ဖျော်ဖြေတင်ဆက်ရာတွင် သင်္ကြန်ရိုးရာအစဉ်အလာမပျက် လှပျိုဖြူများ၏ ညီညာသော ယိမ်းအဖွဲ့များ၊ ခေတ်ရေစီးကြောင်းနှင့်အတူ စတီရီယိုတေးသံရှင်များ၊ တစ်နှစ်တာပင်ပန်းသမျှ ပြည်သူများ၏ စိတ်ကိုပျော်ရွှင်စေမည့် လူရွှင်တော်ရွှေဖလား ရာဇာအငြိမ့်တို့က အကောင်းဆုံးဖျော်ဖြေတင်ဆက်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

ဖျော်ဖြေတင်ဆက်မှုများတွင် ပလေးဘွိုင်းသန်းနိုင်၊ ခိုင်ထူး၊ စိုးပိုင်၊ အေးသင်ချိုဆွေ၊ နီနီခင်ဇော်၊ ဘေဘီဝါ၊ စုမျိုး၊ ပြည့်ဖြိုး၊ ဘန်နီဖြိုး၊ ဒီဂျေမြူးဇစ်များနှင့် လူရွှင်တော်ရွှေဖလားရာဇာအငြိမ့်တို့က မေ ၁၃ရက်မှ ၁၆ ရက်အထိ နေ့ညဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်သည်။

လူရွှင်တော်ရွှေဖလားရာဇာအငြိမ့်အဖွဲ့အနေဖြင့် မေ ၁၄ ရက်ညတွင် ဖျော်ဖြေတင်ဆက်ပေးမည်ဖြစ်ပြီး နံနက်ပိုင်းနှင့် ညပိုင်းတို့တွင် စင်တင်တေးဂီတများ၊ ယိမ်းအဖွဲ့များ၊ ပြိုင်ပွဲဝင်ယိမ်းအဖွဲ့တို့က အချိန်နှင့်တစ်ပြေးညီ တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(စောသိန်းဝင်း)**

အင်အားအသင့်အတင့်ရှိ မြေငလျင်လှုပ်ရှား

နေပြည်တော် မေ ၄

ယနေ့နံနက် ၅ နာရီ ၃၀ မိနစ် ၂၃ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ တောင်-အနောက်တောင်ဘက် ၁၈၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (နေပြည်တော်၏ အနောက်တောင်ဘက် မိုင် ၄၀ ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၇ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

မိတ္ထီလာဒုက္ခသည်များ အိမ်နေရာများ ပြန်လည်ကြည့်ရှု

မိတ္ထီလာ မေ ၄

မိတ္ထီလာမြို့ ယာယီဒုက္ခသည် ကယ်ဆယ်ရေးစခန်းများရှိ ဒုက္ခသည်များ၏ လူမှုရေး၊ ကျန်းမာရေး၊ နေထိုင်စားသောက်ရေးတို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်များက ဆောင်ရွက်ကူညီ လျှုဒါန်းလျက်ရှိကြောင်း သိရသည်။

၎င်းအပြင်ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်လျက်ရှိသည့် မိသားစုများအား မီးလောင်ပျက်စီးသွားသည့် ၎င်းတို့၏နေအိမ်နေရာများကို ကြည့်ရှုစစ်ဆေးနိုင်ရန် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်မြေစာရင်းဦးစီးမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်လုံခြုံရေးတပ်ဖွဲ့ဝင်များက စနစ်တကျစီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ မေ ၄ ရက် နံနက် ၁၀ နာရီက ဝန်ဇင်းရပ်ကွက်နှင့် ရန်မျိုးအောင်ရပ်ကွက်မှ အိမ်ထောင်စု ၆၂ စုအား ၎င်းတို့၏ နေအိမ်နေရာများကို ပြန်လည်ကြည့်ရှုစစ်ဆေးခွင့်ပြုကြောင်း သိရသည်။ **(ယာပုံ)**

(ခရိုင် ပြန်/ဆက်)

Skywalk ပြန်လာပြီ ...

မန္တလေးမြို့၏လူသိများစည်ကားခဲ့သော Skywalk Shopping Mall ကြီး အသစ်ပြန်လည် ဖွင့်လှစ်တော့မည်ဖြစ်ပါသဖြင့် ဆိုင်ခန်း ငှားရမ်း ဖွင့်လှစ်လိုသူများ ဆက်သွယ်နိုင်ပါပြီ။

ဆက်သွယ်ရန် – မဖြိုးဖြိုးလှိုင် 09 91024961 mdyskywalkpr@gmail.com

နိုင်ငံတကာသတင်း

ဒုံးကျည်ကာကွယ်ရေးစနစ်များ ဂူအမ်ကျွန်းသို့ ရွှေ့ပြောင်း

ဝါရှင်တန် မေ ၄

မြောက်ကိုရီးယားနိုင်ငံက နျူကလီးယားလက်နက်များဖြင့်တိုက်ခိုက်မည်ဟု ခြိမ်းခြောက်မှုများပြုခဲ့အပြီးတွင် အမေရိကန်ပြည်ထောင်စုက ၎င်း၏စစ်အခြေစိုက်စခန်းတစ်ခုဖြစ်သည့် ပစိဖိတ်သမုဒ္ဒရာအတွင်းမှ ဂူအမ်ကျွန်းသို့ ဒုံးကျည်ကာကွယ်ရေးစနစ် ပေးပို့လိုက်ကြောင်း ယနေ့သတင်းများ၌ ဖော်ပြသည်။

ယင်းဒေသသို့ အစောပိုင်းရက်ကတည်းကပင် စစ်သင်္ဘောများစေလွှတ်ထားခဲ့ပြီး ဒုံးကျည်ကာကွယ်ရေးစနစ်များမှာလည်း ရက်သတ္တပတ်အတွင်း၌ပင် အသင့်အနေအထားရှိနေမည်ဟု ပင်တဂွန်က ပြောကြားသည်။

မြောက်ကိုရီးယားတို့က တိုက်ခိုက်နိုင်ဖွယ်ရှိသောပစ်မှတ်များစာရင်းအဖြစ် သတ်မှတ်ထားရာတွင် ဂူအမ်ကျွန်းသည်လည်း အမေရိကန်ပြည်မကြီးနှင့် ဟာဝိုင်ယီကျွန်းများနှင့်အတူ ပါဝင်သည်။

အမေရိကန်ပြည်ထောင်စုသို့တိုင်အောင် ပစ်ခတ်တိုက်ခိုက်နိုင်သည့် တိုက်ချင်းပစ်ဒုံးကျည်နှင့် နျူကလီးယားလက်နက်ပညာမှာ မြောက်ကိုရီးယားတွင် မရှိသေးဟုလည်း ခွဲခြမ်းစိတ်ဖြာလေ့လာသူများက ပြောကြားသည်။

သို့သော်လည်း အာရှဒေသတွင်းရှိ အမေရိကန်၏ စစ်ဘက် အခြေစိုက်စခန်းများမှာမူ တာလတ်ပစ်ဒုံးကျည်များဖြင့် ပစ်ခတ်နိုင်စွမ်းရှိသည့်အခြေအနေတွင်ရှိသည်။

အေပီ။

ဂူအမ်ကျွန်းသို့ ပြောင်းရွှေ့ဖြန့်ချထားသည့်အမေရိကန်စစ် ဒုံးကျည် ကာကွယ်ရေးစနစ်တစ်ရပ်ကို တွေ့ရစဉ်။

ပါပူဝါနယူးဂီနီတွင် ဘတ်စ်ကားချောက်ထဲထိုးကျ ၂၉ ဦး သေဆုံး၊ ကိုးဦး ဒဏ်ရာရ

ဆစ်ဒနီ မေ ၄

ပါပူဝါနယူးဂီနီတွင် မေ ၃ရက်က ဘတ်စ်ကားတစ်စီး မတော်တဆ ချောက်အတွင်းထိုးကျသွားရာ လူ ၂၉ ဦး သေဆုံးပြီး ကိုးဦးဒဏ်ရာရရှိကြောင်း ဩစတြေးလျသတင်းဌာနများက မေ ၄ရက်တွင် ဖော်ပြသည်။

ပါပူဝါနယူးဂီနီရှိ အနောက်ပိုင်းကုန်းမြင့်ဒေသ မောင့်ဟေဂန်သို့ ဘိန်ယာဒေသမှ ထိုင်ခုံ ၂၅ခုံပါ ခရီးသည်တင်ဘတ်စ်ကားတစ်စီး မောင်းနှင်လာစဉ် မီတာ ၅၀ကျော်နက်သော ချောက်အတွင်းသို့ မတော်တဆထိုးကျသွားခြင်းဖြစ်ကြောင်း အေအေပီသတင်းဌာနက ဖော်ပြသည်။

ဖြစ်စဉ်ကြောင့် အမျိုးသား ၁၇ ဦး၊ အမျိုးသမီးခြောက်ဦးနှင့် ငါးနှစ်အရွယ် မိန်းကလေးတစ်ဦး သေဆုံးကာ ကိုးဦး ဒဏ်ရာရရှိသည်။

ဒဏ်ရာရရှိသွားသူ ကိုးဦးမှာ ရင်ဘတ်နှင့် ဝမ်းဗိုက်ပိုင်းတွင် ဒဏ်ရာများရရှိပြီး ၎င်းတို့အနက် နှစ်ဦးမှာ သေရေးရှင်ရေးနှင့် ရင်ဆိုင်နေရကြောင်း၊ ၎င်းတို့အားလုံးကို မောင့်ဟေဂန်ရှိ ပြည်နယ်ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း ဆေးရုံမှ တာဝန်ရှိပုဂ္ဂိုလ်က အေအေပီသတင်းဌာနသို့ ပြောကြားသည်။

ဆင်ဟွာ။

အာဂျင်တီးနားတွင် မိုးသည်းထန်စွာရွာ၊ သေဆုံးသူ ၅၄ ဦးအထိရှိလာ

ဗျူနိုအေးရိစ် မေ ၄

အာဂျင်တီးနားနိုင်ငံ မြို့တော်ဗျူနိုအေးရိစ်နှင့် အနီးအနားတစ်ဝိုက်ရှိဒေသအချို့တွင် မိုးအဆက်မပြတ် သည်းထန်စွာ ရွာသွန်းမှုကြောင့် သေဆုံးသူပေါင်း ၅၄ဦးအထိ ရှိလာကြောင်း အာဂျင်တီးနားနိုင်ငံ အာဏာပိုင်များက မေ ၃ရက်တွင် ပြောကြားကြောင်း မေ ၄ရက် သတင်းတွင် ဖော်ပြသည်။

တိုက်တွန်းထား

မိုးသည်းထန်မှုကြောင့် လူနေအိမ်နှင့် အဆောက်အအုံများ ပြိုကျပျက်စီးနိုင်သဖြင့် ထောင်ပေါင်းများစွာသောလူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်ကြရန် တိုက်တွန်းထားကြောင်း၊ အာဂျင်တီးနားအစိုးရက ပြည်နယ်ဆိုင်ရာ၊ ဒေသဆိုင်ရာအာဏာပိုင်များနှင့် ပူးပေါင်း၍ လာပလာတာမြို့နှင့် အိမ်နီးချင်းဖြစ်သော လက်စ်လိုမက်စ်နှင့် တိုလိုဆာတို့တွင် ၁ဒသမ ၅မီတာကျော် ရေနစ်မြုပ်နေသဖြင့် ကယ်ဆယ်ရွှေ့ပြောင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

၄၈ ဦး သေဆုံး

မြို့တော် ဗျူနိုအေးရိစ်တောင်ဘက်မှ ကီလိုမီတာ ၆၀ ကွာဝေးသော လာပလာတာမြို့တွင် ရေလွှမ်းမိုးမှုဒဏ်ကြောင့် ၄၈ဦးသေဆုံးသည်ဟု အတည်ပြုထားကြောင်း၊ အသက်(၂၁)နှစ်အရွယ် အမျိုးသားတစ်ဦးနှင့် ကျန်သေဆုံးသူများမှာ အသက်(၅၀)ကျော်အရွယ်ရှိ လူကြီးများဖြစ်ကြကြောင်း၊ ဗျူနိုအေးရိစ်မြို့တွင် ခြောက်ဦးသေဆုံးကြောင်း သတင်း၌ ရေးသားဖော်ပြသည်။

ဆင်ဟွာ။

လက်ဘနွန်ပိုင်နက်နယ်မြေအတွင်းသို့ ဆီးရီးယားရဟတ်ယာဉ်က ဒုံးကျည်ဖြင့် ပစ်ခတ်

ဘေရွတ် မေ ၄

လက်ဘနွန်နိုင်ငံအတွင်းရှိ ထောင်ပေါင်းများစွာသော ဆီးရီးယားဒုက္ခသည်များခိုလှုံရာ မြို့တစ်မြို့သို့ ဆီးရီးယားစစ်ရဟတ်ယာဉ်တစ်စင်းက ဝင်ရောက်ပျံသန်းကာ ဒုံးကျည်နှစ်စင်းဖြင့် ပစ်ခတ်ခဲ့ကြောင်း လက်ဘနွန်သတင်းများ၌ ဖော်ပြသည်။ ဆီးရီးယားနယ်စပ်နှင့် နီးကပ်စွာတည်ရှိသော အာဆယ်မြို့၏ ဆင်ခြေဖုံးတွင်ဖြစ်ပွားခဲ့သော ယင်းပစ်ခတ်မှုကြောင့် အပျက်အစီးနှင့် လူသေဆုံးမှုများ မရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ဆီးရီးယားတပ်ဖွဲ့များသည် လက်ဘနွန်နိုင်ငံအတွင်းရှိ ၎င်းအားပုန်ကန်သူများအား စိန်ပြောင်းများဖြင့် နယ်စပ်ကို ဖြတ်ကျော်ပစ်ခတ်မှုများ ယခင်ကလည်း ပြုလုပ်ခဲ့ဖူးသည်။

ယင်းသို့သော လေကြောင်းတိုက်ခိုက်မှုမျိုးသည် လက်ဘနွန်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်စိုးမှုကို ချိုးဖောက်ခြင်းဖြစ်၍ လုံးဝလက်ခံမည်မဟုတ်ကြောင်း လွန်ခဲ့သောလကပင် လက်ဘနွန်သမ္မတက ပြောကြားခဲ့သည်။

ဆီးရီးယားရဟတ်ယာဉ်မှပစ်ခတ်လိုက်သော ဒုံးကျည်နှစ်စင်းသည် အဆိုပါမြို့၏ လူနေရပ်ကွက်အတွင်းသို့ ကျရောက်ခဲ့သော်လည်း လူတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရခြင်းမရှိဟု အာဆယ်မြို့၏ ဒုတိယမြို့တော်ဝန် အာမက်ဖလီလီက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။ ဒုံးကျည်ပစ်ခံရသောနေရာသည် လက်ဘနွန်ကြည်းတပ်၏ စစ်ဆေးရေးဂိတ်နှင့် မီတာ ၁၀၀ ခန့်သာ ကွာဝေးသည်ဟုဆိုသည်။

အင်တာနက်။

လက်ဘနွန်နိုင်ငံ ပိုင်နက်နယ်မြေတွင်း ဝင်ရောက် ပျံသန်းပြီး ဒုံးကျည်နှစ်စင်း ပစ်လွှတ်ခဲ့သည့် ဆီးရီးယား ရဟတ်ယာဉ်။



မြန်မာ-နော်ဝေ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော်　　　မေ　　　၄

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် နော်ဝေနိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး H.E.Mr.Trond Giske ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ (အပေါ်ပုံ)

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-နော်ဝေ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နည်းပညာဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေး၊ ဥပဒေပြုရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးလှမြင့်ဦးနှင့် ဦးစိုးနိုင်၊ ကော်မရှင်အဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် နော်ဝေနိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေသံအမတ်ကြီး H.E Mrs.Katja Christina Nordgaard လည်း တက်ရောက်သည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် အဖွဲ့ဝင်များသည် ဧည့်သည်တော် နော်ဝေနိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး H.E Mr. trond Giske ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

ကုန်သွယ်မှုအခြေခံနှင့် အဆင့်မြင့်သင်တန်းဖွင့်မည်

နေပြည်တော်　　မေ　　၄

စီးပွားရေးနှင့် ကူသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု အခြေခံသင်တန်း အမှတ်စဉ်(၃)နှင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု အဆင့်မြင့်သင်တန်း အမှတ်စဉ် (၂)တို့ကို မေလဆန်းတွင် ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းဝင်ခွင့် လျှောက်လွှာများကို အမှတ် ၂၂၈-၂၄၀ ကမ်းနားလမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး ရုံး) ဒုတိယထပ် (သင်တန်းခန်းမ)တွင် မေ ၁၁ ရက်အထိ နောက်ဆုံးလျှောက်ထားနိုင်ကြောင်း သိရသည်။ **(ကျော်ကျော်မြင့်)**

မိုဘိုင်းဖုန်းအသုံးပြုမှု နှစ် ၄၀ ပြည့်ပြီ

ပထမဦးဆုံးအကြိမ်အဖြစ် မိုဘိုင်းဖုန်းခေါ်ဆိုအသုံးပြုခြင်းကို ၁၉၇၃ ခုနှစ် ဧပြီ ၃ ရက်က အမေရိကန်နိုင်ငံ အီလီနွိုက်ပြည်နယ် အခြေစိုက် မိုတိုရိုလာဆက်သွယ်ရေးကုမ္ပဏီမှ အင်ဂျင်နီယာတစ်ဦးဖြစ်သူ မာတင်ကူးပါးက စတင်လုပ်ဆောင်ခဲ့သဖြင့် ယခု ၂၀၁၃ ခုနှစ် ဧပြီ ၃ ရက်တွင် မိုဘိုင်းဖုန်းအသုံးပြုမှုမှာ နှစ် ၄၀ ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ အပြည်ပြည်ဆိုင်ရာဆက်သွယ်ရေးအသင်းအဖွဲ့၏ ၂၀၁၂ ခုနှစ်အတွက် ကောက်ယူခဲ့သော စာရင်းအရ ကမ္ဘာ့လူဦးရေမှာ ခုနစ်ဘီလီယံရှိနေချိန်တွင် ကမ္ဘာတစ်ဝန်း၌ မိုဘိုင်းဖုန်းအရေအတွက် ခြောက်ဘီလီယံရှိကြောင်း သိရသည်။ မိုဘိုင်းဖုန်းကို ကနဦးတီထွင်ခဲ့သော မစ္စတာကူးပါးသည် ယခုအသက်(၈၅)နှစ်ရှိပြီဖြစ်ပြီး ကြိုးမဲ့လက်ကိုင်ဖုန်းကို ကနဦးတီထွင်ခဲ့သူဖြစ်ကာ ၎င်းအား မိုဘိုင်းဖုန်းဖခင်ကြီးဟု သတ်မှတ်ဂုဏ်ပြုထားကြောင်း သိရသည်။

ဒုတိယကမ္ဘာစစ်လက်ကျန်ဗုံး ဘာလင်မြို့လယ်ကောင်၌ တွေ့ရှိ

လွန်ခဲ့သည့် နှစ် ၇၀ အတွင်းက ဂျာမနီနိုင်ငံအတွင်း၌ ကျန်ရစ်ခဲ့သည်ဟု ယူဆရသော ပေါက်ကွဲခြင်းမရှိသေးသည့် ဒုတိယကမ္ဘာစစ်လက်ကျန်ဗုံး တစ်လုံးကို ဂျာမနီနိုင်ငံ ဘာလင်မြို့လယ်ကောင်ရှိ Hauptbahnhof ဘူတာရုံမှ မြောက်ဘက် ၁ ဒသမ ၅ ကီလိုမီတာ(တစ်မိုင်)ခန့်အကွာမှ ဧပြီ ၂ ရက် မွန်းလွဲပိုင်းတွင် ဗုံးရှင်းလင်းရေးအဖွဲ့တစ်ဖွဲ့က ရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်သည်။ သုံး၊ လေးမီတာခန့်အရှည်ရှိပြီး အလေးချိန် ၁၀၀ ကီလိုဂရမ် (ပေါင် ၂၂၀) ရှိသည့် အဆိုပါဗုံးကို မြေပြင်မှ အနက် ၁၀ ပေခန့် တူးဖော်၍ ရရှိခဲ့ခြင်းဖြစ်သည်။

ထိပ်ပြောင်ခြင်းနှင့် နှလုံးရောဂါဆက်နွယ်မှုရှိ

ဦးခေါင်းတွင် ဆံပင်မရှိခြင်း(ထိပ်ပြောင်ခြင်း)ပြဿနာကို ကြုံတွေ့နေကြရသော အမျိုးသားများတွင် နှလုံးသွေးလွှတ်ကြော ယိုယွင်းပျက်စီးမှုရောဂါဖြစ်ပွားနိုင်ခြေရှိကြောင်း ဂျပန်သုတေသီများက ဧပြီ ၂ ရက်က ထုတ်ဖော်ပြောကြားခဲ့သည်။ အဆိုပါသုတေသီများသည် လူပေါင်း ၃၇၀၀၀ ကိုသုတေသနပြုလုပ်ပြီးနောက် ယင်းသို့အတည်ပြုခဲ့ခြင်းဖြစ်ပြီး ရောဂါဖြစ်ပွားနိုင်ခြေမှာ ၃၂ ရာခိုင်နှုန်းကျော်ရှိကြောင်း ဆိုသည်။ သို့သော် ယင်းပမာဏသည် ဆေးလိပ်သောက်ခြင်း၊ အဝလွန်ခြင်းတို့ကြောင့် နှလုံးရောဂါဖြစ်ပေါ်စေနိုင်မှုထက် ရာခိုင်နှုန်းနည်းပါးကြောင်းဆိုသည်။

ဂိုးလိုင်းနည်းပညာအတွက် FIFA နှင့် Goal Control တို့ စာချုပ်

ဘရာဇီးနိုင်ငံတွင် ကျင်းပမည့် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် ဇွန်လတွင် ကျင်းပမည့်ကွန်ဖက်ဒရေးရှင်းစ်ဖလား ပြိုင်ပွဲများတွင် ဂိုးလိုင်းနည်းပညာ အသုံးပြုနိုင်ရန်အတွက် FIFA နှင့် ဂျာမနီကုမ္ပဏီ Goal Control တို့ စာချုပ်ချုပ်ဆိုမှုတစ်ရပ်ကို ဧပြီ ၃ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။ ယင်းနည်းပညာကိုဘောလုံးကွင်းတစ်ကွင်း၌ တပ်ဆင် အသုံးပြုမည်ဆိုပါက ခန့်မှန်းခြေအမေရိကန်ဒေါ်လာ ၂၆၀၀၀၀ ကုန်ကျမည်ဖြစ်ပြီး ပွဲစဉ်တစ်ပွဲအတွက် အပြည့်အဝ လုပ်ငန်းလုပ်ဆောင်မှုအတွက် ဒေါ်လာ ၃၉၀၀ ကုန်ကျမည်ဖြစ်သည်ဆို၏။ ယခုဂိုးလိုင်းနည်းပညာတွင် စွမ်းရည်မြင့် ကင်မရာ ခုနစ်လုံးစီကို ဂိုးတိုင်/ဂိုးပေါက်တစ်ဖက်စီတွင် တပ်ဆင်သွားမည်ဖြစ်ပြီး ဂိုးရရှိမှုဆိုင်ရာ အငြင်းပွားဖွယ်ကိစ္စများကို ဖြေရှင်းရန်အတွက် ရည်ရွယ်သည်ဆို၏။

ဟိန်းထက်လင်း - စုစည်းသည်

သီတဂူဆရာတော်ထံမှ ငြိမ်းချမ်းရေးသဝဏ်လွှာပေးပို့

နေပြည်တော် မေ ၄

မတ်လ ၃၀ ရက်နေ့က မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန(Myanmar Peace Center) ၌ ပြုလုပ်ခဲ့သော မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် သဟဇာတဖြစ်ရေးအတွက် အရပ်ဘက် လူ့အဖွဲ့အစည်းများနှင့် ဘာသာပေါင်းစုံဆွေးနွေးပွဲ (Community Dialogue for Social Harmony & Stability in Myanmar) သို့ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရက ငြိမ်းချမ်းရေးသဝဏ်လွှာပေးပို့ခဲ့သည်။ အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

အကြမ်းဖက်မှုအားလုံးကိုရှုတ်ချသည်
အဓိပတိ-သီတဂူဆရာတော်

မည်သည့်အကြမ်းဖက်မှုမျိုးကိုမဆို ဘာသာရေးခေါင်းဆောင်တစ်ယောက်အနေနှင့် ပြင်းပြင်းထန်ထန် ရှုတ်ချပါတယ်။

ဒီကနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ မည်သည့်ထောင့် မည်သည့်နေရာက မည်သူတို့ လှုံ့ဆော်သည်ဟု အတိအကျ မသိရနိုင်သော ဆူပူသောင်းကျန်းမှုများ၊ အကြမ်းဖက်မှုများ ဘာသာအယူဝါဒနှင့် လူမျိုးမတူထူးခြားသူများကို အခြားသော ဘာသာအယူဝါဒမတူကြသော၊ လူမျိုးချင်းမတူကြသောသူတို့ဟာ အပြန်အလှန် ဆူပူသောင်းကျန်းတိုက်ခိုက်နှောင့်ယှက်နေကြပါတယ်။ အထူးသဖြင့် ရခိုင်ဒေသကစလိုက်သော လူမျိုးရေးဘာသာရေး ဆူပူမှုတွေဟာ မန္တလေးတိုင်းဒေသကြီးထဲသို့ ကူးစက်ဝင်ရောက်လာပြီး မိတ္ထီလာမြို့မှာလည်း ဗုဒ္ဓဘာသာဝင်တွေနဲ့ အစ္စလာမ်ဘာသာဝင်တွေ ရန်ဖြစ်ခဲ့ကြတယ်။ အဲ့ဒီကနေ ကူးစက်ပြီးတော့ ပဲခူးတိုင်းဒေသကြီးအနောက်ဘက်ခြမ်းကို ကူးစက်သွားခဲ့တယ်။ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်တချို့မှာလည်း ထိတ်လန့်ဖွယ် ကောလာဟလတွေ ဖြစ်ပေါ်နေကြတယ်။ အဲ့ဒီ ကောလာဟလတွေဟာ ဒီနိုင်ငံမှာ ငြိမ်းငြိမ်းချမ်းချမ်း ညီညီညွတ်ညွတ် လက်တွဲနေထိုင်လိုကြတဲ့ မြန်မာ့မြေဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမတွေရဲ့စိတ်ကို စိုးရိမ်စိတ်တွေ၊ ကြောက်ရွံ့စိတ်တွေ၊ ပူပန်စိတ်တွေ ဖြစ်ပွားစေခဲ့တယ်။ အဲ့ဒီကောလာဟလတွေဟာ နိုင်ငံသစ် စနစ်သစ် ငြိမ်းချမ်းသာယာသော လမ်းစဉ်သစ်တစ်ခု တည်ထောင်တဲ့နေရာမှာ ကြီးစွာသော အနှောင့်အယှက်တွေ ဖြစ်စေခဲ့ကြပါတယ်။ ထို့ကြောင့် ဘာသာရေးအကြမ်းဖက်မှု၊ လူမျိုးရေးအကြမ်းဖက်မှု၊ စီးပွားရေးအကြမ်းဖက်မှုအားလုံး မည်သည့်အကြမ်းဖက်မှုမျိုးကိုမဆို သီတဂူဆရာတော်က ပြင်းထန်စွာ ရှုတ်ချပါတယ်။

မြတ်ဗုဒ္ဓရဲ့ဝါဒဟာ အဟိံသာဝါဒ Non-Violence ဝါဒသာဖြစ်ပါတယ်။ မြတ်ဗုဒ္ဓရဲ့ ဝါဒဟာ အဟိံသာဝါဒဖြစ်သလို ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာဆိုတဲ့ အခြားဘာသာတရားတွေရဲ့ ဝါဒများဟာလည်း Non-Violence ဆိုတဲ့ အဟိံသာဝါဒဟူ၍သာ သီတဂူဆရာတော်က ယုံကြည်လက်ခံထားပါတယ်။ ဘာသာတရားအားလုံးကို တည်ထောင်ခဲ့ကြတဲ့ ဘုရားသခင်အားလုံးတို့ဟာ လူသားအားလုံးတို့ကို ဆူပူသောင်းကျန်းမှုတွေ ပြုလုပ်ကြဖို့ ဘယ်ဘုရားကမှ မဟောကြားခဲ့ကြပါဘူး။ ဘာသာအားလုံးတို့၏ တရားအမျိုးမျိုးတို့ကလည်း ငြိမ်းချမ်းရေး-သန္တိ၊ ညီညွတ်ရေး-သမဂ္ဂ၊ အတူတကွ လက်တွဲနေထိုင်ရေး-သဟာယ Peace-Harmony-Coexistence ဆိုတဲ့ မူဝါဒများကိုသာ ဟောကြားဆုံးမတော်မူကြတယ်လို့ ယုံကြည်ပါတယ်။ ထို့ကြောင့် မိမိတို့ယုံကြည်ရာ ဘာသာတရားအသီးသီးကို လိုက်နာကျင့်သုံးနေကြတဲ့၊ ကိုးကွယ်နေကြတဲ့ ဘာသာဝင်လူမျိုးအားလုံးတို့သည် ငြိမ်းချမ်းစွာ ညီညွတ်စွာဖြင့် အတူလက်တွဲနေထိုင်ကြဖို့ အထူးမေတ္တာရပ်လိုပါတယ်။ Peace-Harmony- Coexistence ဆိုတဲ့ ဤအခြေခံလမ်းစဉ်သုံးခုကို တည်ဆောက်တဲ့နေရာမှာ သည်းခံခြင်း-ခန္တီ Tolerance၊ ခွင့်လွှတ်ခြင်း-ခမာ Forgiveness၊ လူသားတစ်ယောက်က လူသားတစ်ယောက်၏အပြစ်တို့ကို မေ့ပျောက်နိုင်ခြင်း Forgetness ဆိုတဲ့ ဒီသုံးခုဟာ အလွန်တရာမှ အရေးကြီးပါတယ်။

နောက်ပြီးတော့ မသင့်လျော်သော ရည်ရွယ်ချက်တစ်ခုခုနဲ့ ဆူပူသောင်းကျန်းမှုတစ်ခုခုကို ရည်ရွယ်ပြီးတော့ ကောလာဟလနဲ့ သံသယတွေကို မဖန်တီးကြပါနဲ့လို့ တိုက်တွန်းလိုပါတယ်။ ကောလာဟလနဲ့ သံသယတွေဟာ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးရဲ့ ကြီးကျယ်တဲ့ အနှောင့်အယှက်တွေပဲဖြစ်ပါတယ်။ သံသယကိုဖန်တီးတဲ့ပုဂ္ဂိုလ်တွေဟာ ကြီးလေးသောပြစ်မှုကြီးတွေကို လွန်ကျူးနေကြသလို ကောလာဟလကို ထုတ်လွှင့်နေတဲ့ ပုဂ္ဂိုလ်တွေဟာလည်း တည်ငြိမ်အေးချမ်းရေးရဲ့ အနှောင့်အယှက်တွေပဲဖြစ်ပါတယ်။ မြတ်ဗုဒ္ဓက မာ အနုဿဝေန ဂဏှိတ္ထ-တစ်ဆင့်စကားတစ်ဆင့်ကြားပြီး ချဲ့ထွင်ထားတဲ့ ကောလာဟလတွေကို လက်တွေ့မျက်တွေ့မပါဘဲ၊ ကိုယ်တိုင်လည်း သိမြင်နားလည်ခြင်းမရှိဘဲ အမှန်မယူမိကြစေဖို့ အထူးမိန့်ကြားတော်မူလေ့ရှိပါတယ်။ အဲဒါကြောင့် တိုင်းသူပြည်သားတွေကလည်း ကောလာဟလတွေထွက်လာတိုင်း သံသယတွေဝင်ပြီးတော့ တလှုပ်လှုပ်တရွရွ မဖြစ်ကြဖို့၊ ကောလာဟလရဲ့ယုတ္တိတွေကို စိစစ်ပြီးမှ စဉ်းစားပြီးမှ လုပ်ကိုင်ဆောင်ရွက်ကြဖို့ သီတဂူဆရာတော်ပြောကြားလိုပါတယ်။

မြန်မာနိုင်ငံဟာ ဘာသာရေးနဲ့ယဉ်ကျေးမှုထွန်းကားတဲ့နိုင်ငံဖြစ်တယ်။ လူရိုင်းတွေနေတဲ့နိုင်ငံမဟုတ်ပါဘူး။ နှစ်ပေါင်းထောင်ချီ၍ ကြာညောင်းခဲ့ပြီဖြစ်တဲ့ ဘာသာရေး၊ ယဉ်ကျေးမှု ဆရာ မိဘ သူတော်ကောင်းအဆုံးအမတွေနဲ့ ဖွဲ့စည်းတည်ထောင်ထားတဲ့ နောက်ခံသမိုင်းကြောင်း ခိုင်မာတောင့်တင်းတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ အဲဒါကြောင့် ဒီမြန်မာမြေပေါ်မှာနေပြီးတော့ မြန်မာ့ရေကိုအတူသောက်နေကြတဲ့ မြန်မာအလံအောက်ကလူတွေအားလုံး မြန်မာ့စိတ်ဓာတ်ကို တညီတညွတ်တည်းဖြင့် နေထိုင်ကြပါလို့ အထူးတိုက်တွန်းလိုက်ပါတယ်။

မြန်မာဆိုတာ ဗြဟ္မာကနေ တရွေ့ရွေ့ဆင်းသက်လာတာဖြစ်တယ်။ ဗြဟ္မာရဲ့ အဓိပ္ပာယ်က Noble မွန်မြတ်ခြင်းလို့ အဓိပ္ပာယ်ရပါတယ်။ မွန်မြတ်တဲ့စိတ်ဓာတ်ဆိုတာ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ မေတ္တာတရားထားခြင်း၊ ကရုဏာတရားထားခြင်း၊ တရားမျှတခြင်း၊ အကြောင်းအကျိုးဆင်ခြင်တုံတရားနှင့်ပြည့်စုံခြင်းတို့ပဲဖြစ်ပါတယ်။ အဲဒါကြောင့် မြန်မာတွေဟာ မွန်မြတ်သောစိတ်ဓာတ်ကို နှလုံးသားမှာ အပြည့်ထားပြီး ဆူပူသောင်းကျန်းမှုမှန်သမျှကို တညီတညွတ်တည်း တွန်းလှန်ကာကွယ်ဖို့နဲ့ ငြိမ်းချမ်းရေးနှင့်ညီညွတ်ရေးကို တညီတညွတ်တည်း တည်ဆောက်ကြဖို့ တိုက်တွန်းလိုပါတယ်။

မြန်မာနိုင်ငံတော်မှာ ဘုရားသားတော်သံဃာတော်ဦးရေ ငါးသိန်းနီးပါးရှိပါတယ်။ မြန်မာ့တပ်မတော်တစ်ခုလုံးရဲ့ အင်အားကြီးနဲ့ အညီအမျှလောက်ပဲဖြစ်ပါတယ်။ မြန်မာ့တပ်မတော်က လက်နက်ကိုင်၍ တိုင်းပြည်ရဲ့ ရန်များကို တွန်းလှန်ကာကွယ်ပြီး နိုင်ငံတော်ရဲ့ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးတည်ဆောက်ရတာကိုကြည့်ပြီး အလွန်တရာ အင်အားကြီးမားတဲ့ ဘုရားသားတော်သံဃာ့အစည်းအရုံးကြီးကလည်း အကြမ်းမဖက်ဘဲ ဆူပူသောင်းကြမ်းခြင်းမှန်သမျှကို မေတ္တာလက်နက်ကိုင်စွဲ၍ ဝိုင်းဝန်းနှိမ်နင်းတော်မူကြပါ။ နိုင်ငံတော်ရဲ့ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးကိုလည်း အင်လိုက်အားလိုက် ဝိုင်းဝန်းတည်ထောင်ပေးကြပါလို့ လျှောက်ထားတောင်းပန်လိုပါတယ်။ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ညီညွတ်ရေးကို တည်ထောင်လိုသော မည်သည့်ဘာသာရေးခေါင်းဆောင်များနှင့်မဆိုလည်း လက်တွဲဆောင်ရွက်တော်မူကြပါလို့ တိုက်တွန်းလိုပါတယ်။

ဒီကနေ့ ဒီအချိန်ဟာ မြန်မာနိုင်ငံတော်ရဲ့ စာမျက်နှာအသစ်တစ်ခုကို ဖွင့်လှစ်ပြီးတော့ သမိုင်းအသစ်တစ်ခုကို ရေးကြဖို့ နိုင်ငံ့ခေါင်းဆောင်များအားလုံး ပြင်ဆင်နေကြတဲ့အချိန်ပဲ ဖြစ်ပါတယ်။ အဲဒါကြောင့် ဘာသာရေးခေါင်းဆောင်များအားလုံး Religious Leaders၊ လူမှုရေးခေါင်းဆောင်များအားလုံး Social Leaders နှင့် စိတ်ဓာတ်ရေးရာခေါင်းဆောင် Spiritual Leaders အားလုံးတို့ဟာ စိတ်ထားမှန်၍ ရည်ရွယ်ချက်မှန်မှန်ဖြင့် နိုင်ငံတော်ရဲ့ စာမျက်နှာသစ်ကို ဖွင့်လှစ်ကြမည့် နိုင်ငံ့ခေါင်းဆောင်အားလုံးတို့အား ဖေးမကူညီစောင့်ရှောက်ပေးကြပါ။ ဒီကနေ့ ဒီအချိန်မှာ ယခုကဲ့သို့ Peace (သန္တိ)-Harmony (သမဂ္ဂ)-Coexistience (သဟာယ) ဆိုတဲ့ မွန်မြတ်သော အခြေခံမူဝါဒတွေကို မတည်ဆောက်နိုင်ကြဘူးဆိုလျှင် သံသယတွေ၊ ကောလာဟလတွေ၊ ဆူပူသောင်းကျန်းမှုတွေ၊ အကြမ်းဖက်လုယက်မှုတွေရဲ့ နောက်ကွယ်မှာ မမြင်နိုင်သော၊ စိုးရိမ်ဖွယ်ရာကောင်းသော၊ အခြားကြီးမားသော အနှောင့်အယှက်ဆန့်ကျင်ဘက်များ ဖြစ်ပေါ်လာနိုင်ပြီး ကုန်ဆုံးခါနီးဖြစ်နေသော ဆူးခင်းသောလမ်းကြမ်းကြီးမှ ပန်းခင်းသော လမ်းကြောင်းပေါ်သို့ ဆက်မလျှောက်နိုင်ဘဲ မီးကျီးခဲခင်းသောလမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိသွားမှာကို အလွန်စိုးရိမ်ရပါတယ်။

အဲဒါကြောင့် တိုင်းရင်းသားအားလုံး၊ ဗြဟ္မာစိတ်ဓာတ်ကိုမွေးထားကြတဲ့ မြန်မာအားလုံး၊ အဟိံသာဝါဒ Non-Violence ကိုလက်ကိုင်ထားကြတဲ့ အခြားအခြားသော ဘာသာဝင်အားလုံးတို့ သည်းခံခြင်း Tolerance၊ ခွင့်လွှတ်ခြင်း Forgiveness၊ မေ့ပျောက်ခြင်း Forgetness၊ ညီညွတ်ခြင်း Harmoniously Coexistence ဆိုတဲ့ လောကပါလတရားများ လက်ကိုင်ထား၍ ဆူပူသောင်းကျန်းခြင်းအားလုံးတို့ကို ဝိုင်းဝန်းတားဆီးကြပါ။ ငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးကို ဝိုင်းဝန်းတည်ဆောက်ကြပါလို့ အလေးအနက် တိုက်တွန်းလိုက်ရပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်

ဒေါက်တာအရှင်ဉာဏိဿရ
(Ph.D,D.Litt.) အဓိပတိ-သီတဂူဆရာတော်

ကချင်ပြည်နယ် စစ်ဘေးသင့် ပြည်သူများအတွက် သီဆိုဖျော်ဖြေအလှူခံ

မူဆယ် မေ ၄

ကချင်ပြည်နယ်စစ်ဘေးသင့်ဒေသများအတွင်းရှိ ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန် ရန်ကုန်မြို့မှ ကိုသားထွေး ဦးဆောင်သည့် "လွတ်လပ်ငြိမ်းချမ်း ပန်းရဲ့လမ်း" အဖွဲ့မှ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေ၍ အလှူခံခြင်းပြုလုပ်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့တွင် မေ ၂ ရက် ညက မူဆယ်မြို့ ပြည်ထောင်စုလမ်းမကြီး နာရီစင်အနီးတွင် မူဆယ်မြို့ ကရုဏာလူမှုကူညီရေးအသင်း ဥက္ကဋ္ဌ ဦးသောင်းထွန်းနှင့်အဖွဲ့က ဝိုင်းဝန်းပံ့ပိုးကူညီမှုဖြင့် မြို့ပေါ်အများပြည်သူများအား ဖျော်ဖြေအလှူခံကြသည်။

"ကျွန်တော်တို့ မူဆယ်မှာ မေ ၂ ရက်နဲ့ ၃ ရက်တွေမှာ လူစည်ကားရာနေရာတွေမှာ ဖျော်ဖြေဖို့ ခွင့်ပြုချက်ရထားပါတယ်။ ကိုသားထွေးနှင့်အတူပါဝင်သီဆိုဖျော်ဖြေကြတဲ့ သူတွေကတော့ ကိုဇော်ဇော်၊ ကိုအောင်၊ ကိုဝဏ္ဏ၊ ကိုရဲနောင်၊ ကိုညီညီလွင်၊ ကိုသူရိန်၊ ကိုဘိုထီးတို့အဖွဲ့ပါ။ အလှူငွေတွေလည်း မြို့ကထည့်ကြပါတယ်။ အများအတွက် အကျိုးဆောင်တဲ့ "လွတ်လပ်ငြိမ်းချမ်းပန်းရဲ့လမ်း"ကို ကျွန်တော်တို့ ပရဟိတအဖွဲ့တွေ ကူညီဆောင်ရွက်ရတာ ဝမ်းသာပါတယ်"ဟု ဦးသောင်းထွန်းက ရှင်းပြသည်။ **(စိုးငွေး)**

ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေး အင်အားတိုးမြှင့် ပြောင်းလဲတပ်ဆင်

ကျိုက်ထို မေ ၄

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ပြည်သူများ ဗို့အားပြည့်ဝစွာနှင့် လျှပ်စစ်ဝန်အားများ လုံလောက်စွာ သုံးစွဲနိုင်ရန်အတွက် ၃၃/၁၁ ကေဗွီ(၅) အမ်ဗွီအေဓာတ်အားခွဲရုံမှ ၃၃/၁၁ ကေဗွီ (၁၀) အမ်ဗွီအေသို့ အင်အားတိုးချဲ့ခြင်းလုပ်ငန်းများကို မတ် ၂၉ ရက် နံနက်ပိုင်းမှ စတင်ကာ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် ဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ပြည်တွင်းရေးရာ

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ဘရပ်ဆဲလ်မြို့ရှိ ဥရောပပါလီမန် လူ့အခွင့်အရေးကော်မတီမှ ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၄

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ဘရပ်ဆဲလ်မြို့ရှိ ဥရောပပါလီမန် လူ့အခွင့်အရေးကော်မတီမှ အဖွဲ့ဝင် Mrs. Barbara Lochbihler ဦးဆောင်သော အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် ကော်မတီဆောင်အမှတ်(၁)ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံအတွင်း စားနပ်ရိက္ခာဖူလုံရေးကိစ္စရပ်များနှင့် မြန်မာ့လွှတ်တော်ကိုယ်စားလှယ်များ ဥရောပပါလီမန်သို့ လာရောက်လေ့လာရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။**(အောက်ပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အတူ ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ အဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

International Enterprise (IE) Singapore ၏ မြန်မာနိုင်ငံအခြေစိုက်ရုံး ဖွင့်လှစ်

ရန်ကုန် မေ ၄

မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းသည် ယနေ့မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ် Ballroom ၌ ကျင်းပသည့် အိုင်အီးစင်ကာပူ International Enterprise (IE) Singapore ၏ (၃၇)ခုမြောက် ပြည်ပဌာနရုံးဖွင့်ပွဲသို့ တက်ရောက်အားပေးချီးမြှင့်သည်။

ရှေးဦးစွာ စင်ကာပူသမ္မတသည် ဖွင့်ပွဲအထိမ်းအမှတ်ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးပြီး အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

ရန်ကုန်မြို့ရှိ International Enterprise(IE) Singapore ၏ ပြည်ပဌာနခွဲရုံးသည် မြန်မာနှင့် စင်ကာပူတို့၏ သံတမန်ရေးရာဆက်သွယ်မှုများစတင်ခဲ့သည့် ၁၉၉၆ ခုနှစ် ကတည်းက စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာစေရန် အထောက်အကူပေးသော အမှတ်သင်္ကေတတစ်ခုဖြစ်ပြီး စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ကုန်သွယ်ရောင်းဝယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေးတို့တွင် လွယ်ကူချောမွေ့အောင် ဆောင်ရွက်ပေးမည့် ဌာနခွဲရုံး တစ်ရုံး ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ပြည်သူလူထုအခြေပြု ရွေ့လျားကျန်းမာရေးဆေးခန်း ဆောင်ရွက်

နေပြည်တော် မေ ၄

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ PMCT Project နှင့် IPPF Project တို့မှ တာဝန်ရှိသူများ၊ လက်ထောက်ဆရာဝန်များ၊ ဆရာမများ၊ နေပြည်တော်ကောင်စီ ကျန်းမာရေးဦးစီးဌာနမှူး၊ ပုဗ္ဗသီရိမြို့နယ် ခုတင်(၅၀)ဆေးရုံမှ ဆေးရုံအုပ်ကြီးနှင့် ဆရာမများ၊ ပျဉ်းမနားမြို့နယ် ခုတင်(၂၀၀)ဆေးရုံမှ မျက်စိအထူးကုဆရာဝန်ကြီးနှင့်အဖွဲ့၊ နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံမှ သွားဆရာဝန်များအဖွဲ့၊ နေပြည်တော်ကောင်စီနယ်မြေ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပုဗ္ဗသီရိမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များသည် မတ် ၂၇ ရက် မွန်းလွဲပိုင်းတွင် ပုဗ္ဗသီရိမြို့နယ် ဖြူတ်ခွဲကျေးရွာ၌ ပြည်သူလူထုအခြေပြု ရွေ့လျားကျန်းမာရေး ဆေးခန်း ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်သဇင်နွယ်က အမှာစကားပြောကြားပြီး လက်ထောက်ဆရာဝန် ဒေါက်တာနှင်းရည်လှိုင်က အန္တရာယ်ကင်းသော မိခင်ဘဝရရှိစေရန် ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု ခံယူရန်လိုအပ်သည့်အကြောင်းနှင့် လက်ထောက်ဆရာဝန် ဒေါက်တာမျိုးမင်းဦးက သားဆက်ခြားနည်းလမ်းများကို ဟောပြောကြသည်။**(အပေါ်ပုံ)**

ဆက်လက်၍ ဟောပြောပွဲသို့ တက်ရောက်လာသော ကိုယ်ဝန်ဆောင်များအား အနီးပိတ်၊ တစ်ခါသုံးမွေးအိတ်နှင့် အိုင်အိုဒင်းဆားများကို လည်းကောင်း၊ သက်ကြီးဘိုးဘွားများအား အိုင်အိုဒင်းဆားများနှင့် ဆပ်ပြာများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ကြသည်။ ထို့နောက် ကိုယ်ဝန်ဆောင်များအား ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုပေးခြင်း၊ သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပေးခြင်း၊ မျက်စိနှင့် သွားလူနာများအား စစ်ဆေးကုသပေးခြင်း၊ အထွေထွေလူနာများအား ကြည့်ရှုစစ်ဆေးပေးခြင်း၊ ညွှန်းပို့ရန် လိုအပ်သော လူနာများအား နီးစပ်ရာကျန်းမာရေးဌာနများသို့ ညွှန်းပို့ပေးခြင်းနှင့် ချို့တဲ့လူနာများအား ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ကြသည်။

အဆိုပါမြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ပြုလုပ်သော ရွေ့လျားကျန်းမာရေးဆေးခန်းကို World Health Ambassador (US)မှ Mr. Thein Minh Do နှင့်အဖွဲ့က လာရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

●ကျောဖုံးမှ

မီးမှာ လျင်မြန်စွာ ပျံ့နှံ့သွားပြီး ငြိမ်းသတ်ရန်အခက်အခဲတွေ့ခဲ့ရကြောင်း၊ ရဟတ်ယာဉ်များဖြင့် ငြိမ်းသတ်ရန် ကြိုးစားသော်လည်း ဘေးတွင် အခြားအထပ်မြင့် အဆောက်အအုံများရှိနေသည့်အတွက် အလုပ်မဖြစ်ခဲ့ကြောင်း အရေးပေါ်ကယ်ဆယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မီးလောင်မှုဖြစ်ပွားရခြင်းမှာ မီးဘေးလုံခြုံမှု စည်းမျဉ်းဥပဒေများကို ချိုးဖောက်ခဲ့ခြင်းကြောင့်ဟု ယူဆရပြီး ကနဦးစုံစမ်းစစ်ဆေးမှုများအရ ဝါယာရှော့ခ်ဖြစ်၍ လောင်ကျွမ်းခဲ့ရကြောင်း သတင်းတွင် ဖော်ပြသည်။

အာရ်တီ။

စိတ္တက္ကသိုလ်၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၃၅)

စစ်တက္ကသိုလ်၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၃၅)၏ နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် အလှူငွေပေးအပ်လှူဒါန်းပွဲ၊ လျှပ်တစ်ပြက်ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ညစာစားပွဲများအား အောက်ပါအစီအစဉ်အတိုင်းကျင်းပပြုလုပ်မည်ဖြစ်၍ မိသားစုများနှင့်အတူတက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်-

	အလှူငွေပေးအပ်ပွဲ	ဂေါက်သီးရိုက်ပြိုင်ပွဲ	ညစာစားပွဲ
နေ့ရက်-	၇-၄-၂၀၁၃(တနင်္ဂနွေနေ့)	၇-၄-၂၀၁၃(တနင်္ဂနွေနေ့)	၇-၄-၂၀၁၃(တနင်္ဂနွေနေ့)
အချိန် -	၀၉၀၀ နာရီ	၁၂၀၀ နာရီ	၁၈၃၀ နာရီ
နေရာ -	ဒီဝိတဒါနသံဃာ့ဆေးရုံ (ဗဟန်း၊ ရန်ကုန်)	မြကန်သာ ရန်ကုန်မြို့တော် ဂေါက်ကွင်း	ကုန်းမြင့်သာ စားသောက်ဆိုင် (၈)မိုင်၊ ရန်ကုန်

ဆက်သွယ်ရန်- အောင်ကျော်ကျော်(095137247)၊ သစ်လွင်ထူး(09448000696)၊ သန့်စင်ထွန်း (095051022)၊ မောင်မောင်မြင့်(095064030)။

ပြည်တွင်းအတိုအထွာ ဖတ်စရာ

ကျိုက်ဝိုင်းစေတီတော် စေတီရံများ ရွှေသင်္ကန်း ကပ်လှူ

ရွှေဟောင်းသမိုင်းဝင်အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့က စေတီရံ ၁၁၇ ဆူအား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၁ ရက် ညနေ ၅ နာရီတွင် ကျိုက်ဝိုင်းဘုရားလမ်းမုခ်ဦးရှေ့၌ ကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင်သာသနာရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းဇော်လတ်၊ မရမ်းကုန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နိုင်နှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ထွန်းဝင်း)**

အမြင်သစ်စာကြည့်တိုက် နှစ်ပတ်လည်ဂုဏ်ပြုပွဲကျင်းပ

စာဖတ်ခြင်းအလေ့အထနှင့် အသိပညာ၊ ဗဟုသုတများမြင့်မားလာစေရန် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် မြို့သစ်(၈)ရပ်ကွက် အမြင်သစ်စာကြည့်တိုက် တတိယအကြိမ်မြောက် နှစ်ပတ်လည်ဂုဏ်ပြုပွဲနှင့် မြို့နယ်စာရေးဆရာအသင်း စာဆိုတော်နေ့အထိမ်းအမှတ်စာပေဟောပြောပွဲကို မတ် ၃၁ ရက် ညနေ ၆ နာရီတွင် အမြင်သစ်စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။ **(မြင့်ဦး-အင်းစိန်)**

ကလေးမြို့၌ ယဉ်ကျေးလိမ္မာသင်တန်းဆင်း

မြန်မာ့ယဉ်ကျေးမှုကို လေးစားမြတ်နိုးတန်ဖိုးထားတတ်စေရေးနှင့် လူငယ်လူရွယ်လေးများ မိမိတို့၏နေ့စဉ်ဘဝတွင် ဘာသာတရားအဆုံးအမနှင့်အညီ မင်္ဂလာရှိစွာနေထိုင်တတ်စေရေးတို့ကိုရည်ရွယ်ကာ ရေတံခွန်တောင်သစ္စဝေဒဂူဆရာတော်နှင့် စကားလှကျောင်းတိုက်ဆရာတော်တို့ ဦးစီးကာ ယဉ်ကျေးလိမ္မာသင်တန်းကို စကားလှဘုရားကျောင်းတိုက်၌ မတ် ၂၂ ရက်မှ ၃၁ ရက်အထိ ၁၀ ရက်ကြာ သင်တန်းဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါသင်တန်းသည် ဒုတိယအကြိမ်မြောက်ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းသား ၄၀၀ ကျော် တက်ရောက်ခဲ့ကြောင်းသိရသည်။

(သျှင်နေမင်း-ဂန့်ဂေါ)

အမှိုက်ပုံအတွင်းဝင်ရောက်နေထိုင်သူများအား အကြောင်းကြား

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ကျွန်စစ်သားရပ်ကွက် စည်ပင်သာယာပိုင် စွန့်ပစ်အမှိုက်ပုံဧရိယာအတွင်း နေထိုင်ကြသူများအား ဖျက်သိမ်းဖယ်ရှားပြောင်းရွှေ့ပေးရန် တတိယအကြိမ် အသိပေးအကြောင်းကြားခြင်းအား မေ ၁ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျွန်စစ်သားရပ်ကွက်၌ စွန့်ပစ်အမှိုက်နေရာနှင့် အမှိုက်ပုံဧရိယာအတွင်း အမှိုက်များစွန့်ပစ်ရန် စွန့်ပစ်ကန်များ တူးဖော်နေ၍ အမှိုက်ပုံဧရိယာအတွင်း ဝင်ရောက်ကျူးကျော်ဆောက်လုပ်နေထိုင်လျက်ရှိသော လူနေအိမ်တဲ၊ ကြက်ခြံ၊ ဝက်ခြံများအား အမှိုက်စွန့်ပစ်ကန်တူးဖော်နေခြင်းနှင့် မလွတ်ကင်း၍ ဖယ်ရှားပြောင်းရွှေ့ပေးရန် အသိပေးအကြောင်းကြားစာ ထုတ်ဆင့်ရခြင်းဖြစ်ကြောင်း သိရသည်။ **(မင်းရဲမာန်-နေပြည်တော်)**

ပန်းတောင်းမြို့နယ်အတွင်းရှိ စာကြည့်တိုက်အား ကြည့်ရှု

မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်း(ဗဟို)နှင့် မြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟို)အမှုဆောင်ကော်မတီဝင်များမှ ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ဥသျှစ်ပင်ကျေးရွာ လူငယ်ပျိုးခင်းစာကြည့်တိုက်၌ မြို့နယ်စာရေးဆရာအသင်းအဖွဲ့ဝင်များနှင့် မတ် ၃၀ ရက်တွင် တွေ့ဆုံဆွေးနွေးရာ စာရေးဆရာကြီးများဖြစ်ကြသော ဆရာချစ်နိုင် (စိတ်ပညာ)၊ ဆရာမ လမင်းအိမ်၊ ဆရာချစ်စံဝင်း၊ ဆရာမောင်ခေတ်ထွန်း၊ ပန်းတောင်းမြို့နယ်အသင်းနာယက ဗိုလ်မှူးကြီးတင်လှိုင်(ငြိမ်း)တို့က ဥသျှစ်ပင်ကျေးရွာလူငယ်ပျိုးခင်းစာကြည့်တိုက်ဆောက်လုပ်နေမှုအခြေအနေများ၊ ဥသျှစ်ပင်ကျေးရွာတွင် ဆောက်လုပ်နေသည့်ပန်းတောင်းမြို့နယ် စာရေးဆရာအသင်းရုံးဆောက်လုပ်နေမှုများ ကြည့်ရှုခဲ့ကြောင်း သိရသည်။ **(အောင်မြင့်)**

ရေစကြို မြို့မပျိုးဥယျာဉ် ပျိုးပင်မျိုးစုံပျိုးထောင်ထား

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် သစ်တောဦးစီးဌာနမှ ၂၀၁၂/၂၀၁၃ ခုနှစ် သစ်ပင်စိုက်ရာသီတွင် အချိန်မီစိုက်ပျိုးနိုင်ရန်အတွက် မြို့မပျိုးဥယျာဉ်၌ ယူကလစ်ပျိုးပင် ၆၀၀၀၀၊ ကျွန်းပျိုးပင် ၂၅၀၀၀၊ ရှားပျိုးပင် ၃၀၀၀၀ နှင့် ကုက္ကို၊ တမာအပါအဝင် ပျိုးပင်မျိုးစုံ ၁၃၀၀၀၀ ပျိုးထောင်ထားရှိကြောင်း သိရသည်။

ယခုအခါမြို့မပျိုးဥယျာဉ်၌ ရေလောင်း၊ ပေါင်းသင်အပင်ပြုစုခြင်းများ ဆောင်ရွက်နေကြသည်ကို တွေ့မြင်ရသည်။ **(ဖေထွဏ်းဇော်-ရေစကြို)**

ဘာသာရပ်ဆိုင်ရာဟောပြောပွဲ အချိန်ပြောင်းလဲ

UMFCCI ပထမထပ်တွင် ပြုလုပ်မည့် ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲကို မေ ၆ ရက် နံနက် ၁၀ နာရီအစား မွန်းလွဲ ၂ နာရီတွင် ပြုလုပ်မည်ဖြစ်ကြောင်း ထပ်မံသိရှိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းရေးရာ

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ကျက်သရေဆောင် မဟာဓမ္မကလျာဏီ ဓမ္မဗိမာန်တော်ကြီးဖွင့်ပွဲနှင့် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနား ကျင်းပ

နေပြည်တော် ဧပြီ ၄

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ကျက်သရေဆောင် မဟာဓမ္မကလျာဏီ ဓမ္မဗိမာန်တော်ကြီးဖွင့်ပွဲနှင့် ရေစက်ချလှူဒါန်းပွဲကို ဧပြီ ၃ ရက် နံနက် ၈ နာရီခွဲတွင် အဆိုပါဗိမာန်တော်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ မဟာဓမ္မကလျာဏီ ဓမ္မဗိမာန်တော်ကြီးကို သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်း၊ ဗိမာန်တော်တည်ဆောက်ရေးကော်မတီ(ရန်ကုန်)ဥက္ကဋ္ဌ ဦးတင်လှ၊ ဘဏ္ဍာရေးမှူး ဦးညီခင်နှင့် ဗိမာန်တော်တည်ဆောက်ရေးကော်မတီ (ရေစကြို) ဥက္ကဋ္ဌ ဦးခင်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကမ္မည်းမော်ကွန်းကျောက်စာတိုင်ကို သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဗိမာန်တော်ရေစက်ချပွဲကို ဆက်လက်ကျင်းပရာ ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက် တိုက်အုပ်ဆရာတော် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ သောဘနထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်များ၊ သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်ကို နာယူကြသည်။

ထို့နောက် သီရိပျံချီ သူရဦးမြင့်မောင်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများက ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး သန္တာဝါသ စာသင်တိုက်မှ စာအောင်အရှင်မြတ် ၉၇ ပါးအတွက် အလှူတော်ငွေများကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းပြီး ဗိမာန်တော်တည်ဆောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်က ဗိမာန်တော်ကြီး တည်ဆောက်ခဲ့မှုနှင့်စပ်လျဉ်း၍ တင်ပြလျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယက ဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုမာရာဘိဝံသထံမှ အနုမောဒနာတရားနာကြားပြီး ရေစကြိုမြို့နယ် ရေစကြိုဆရာတော် ဆဋ္ဌတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသက ရေစက်ချတရား ဟောကြား၍ ရေစက်သွန်းချအမျှပေးဝေကြကာ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ တာဝန်ရှိသူများက ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်သည် ရေစကြိုမြို့ ဆင်ချောင်းစံပြကျေးရွာနှင့် ဆင်ချောင်း ဘူတာရုံသို့ ဆက်သွယ်သည့်လမ်းအား ကျောက်ချောလမ်းခင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် ပခုက္ကူမြို့နယ်ရှိ သာသနာရေးဦးစီးဌာန တောင်ဇလပ် လူငယ်ပျိုးခင်းသင်တန်းကျောင်းသို့ သွားရောက်ပြီး ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် မိသားစုက ကျောင်းသား လူငယ်များအား စားသောက်ဖွယ်ရာများ ပေးလှူပြီး ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်နှင့် အလှူရှင်များက သင်တန်းကျောင်းအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြကာ သင်တန်းကျောင်းဝင်းအတွင်းရှိ ဇမ္ဗူသီရိတောင်တန်း သာသနာပြုဆရာတော် ဘဒ္ဒန္တသုဇနအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ **(သတင်းစဉ်)**

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် ကမ္မည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

World Health Organization

ကမ္ဘာ့ကျန်းမာရေးနေ့
၂၀၁၃ ခုနှစ်၊ ဧပြီလ (၇) ရက်
သွေးမတိုးအောင် သတိဆောင်၊
ကိုယ်လက်လှုပ်ရှား မျှအောင်စား

ကျန်းမာရေးဝန်ကြီးဌာန

❑ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှ

လေးစားတန်ဖိုးထားရန်နှင့် အလုပ်ကို ကြိုးစားပ
လိုကြောင်း၊ ထိုနည်းတူစွာ အချင်းချင်းဆက်ဆံဆောင်
ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ညှိနှိုင်းဆုံးဖြတ်
အရေးကြီးကြောင်း၊ ထို့ကြောင့် အချင်းချင်း တစ်ဦးက
မိမိတို့ဆောင်ရွက်ရမည့်ကိစ္စများကို ညှိနှိုင်းပေါင်းစပ်က
နိုင်မှု အလေ့အကျင့်ကောင်းများကိုမွေးမြူရန်လိုကြေ

ထိုနည်းတူ တစ်ဦးနှင့်တစ်ဦးဆက်ဆံသည့်နေရ
ထားပြီး မျှမျှတတခွဲခြားမှုမရှိဘဲ ချစ်ခင်ရင်းနှီးစွာ ဆော
လွှမ်းခြုံပြောရမည်ဆိုပါက မောင်တို့မယ်တို့သည် နိုင်ငံ
များဖြစ်ပြီး မိမိတို့တစ်ဦးချင်း၏ အကျိုးစီးပွား၊ ဒေသ၏
အကျိုးစီးပွားနှင့် နိုင်ငံတော်အကျိုးစီးပွားကို ဖော်ဆောင်
မောင်တို့ မယ်တို့ ကင်းထောက်လူငယ်များသည်လည်း
အကြောင်းအရာများအပေါ် အခြေခံပြီး ဆောင်ရွက်ထ
တစ်ခုဖြစ်သည်ဟု ခံယူကြောင်းနှင့် အသင်းကြီး၏ ရည်
ပြီး မောင်တို့မယ်တို့ တစ်ဦးချင်း၊ အဖွဲ့လိုက်အနေဖြင့် ကြ
အမိနိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင
တကယ့်သားကောင်း၊ သမီးမွန်များအဖြစ် ဆက်လက်
ဆုမွန်ကောင်း တောင်းပါကြောင်းဖြင့် ပြောကြားခဲ့သ

ထို့နောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ
တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မ
ဆန်းစုကြည်တို့က ကင်းထောက်လူငယ်အတွေ့အ
ဆွေးနွေးပြောကြားကြပြီး ကင်းထောက်လူငယ်များ
တန်းကျောင်းသူ မမြစန္ဒီစောနှင့် အဖွဲ့ခေါင်းဆောင်ဦး
တင်စကားများ ပြန်လည်ပြောကြားကြကာ အမှတ်တရ
ပေးအပ်ခဲ့သည်။

AFF ဆုပေးပွဲကို တက်ရော
MFF ဥက္ကဋ္ဌနှင့် အဖွဲ့ ‌

အာဆီယံ ဘောလုံးအဖွဲ့ချုပ် (AFF)၏ တစ်နှစ်တာအကောင်းဆုံး ဆုချီးမြှင့်ပွဲကို တက်ရောက်ခဲ့သော မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော် ဦးဆောင်သောအဖွဲ့သည် ယနေ့ နံနက်၁၁ နာရီခွဲက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ဌာနခွဲ ဒါရိုက်တာများ၊ အမှုဆောင်များနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ယာပုံ)**

သတင်းနှင့် ဓာ

အဆိုပါ A
အကောင်းဆုံး
နှစ်ဆုကို မြန်
ရရှိခဲ့ပြီး အ
အဖွဲ့ချုပ်ဆုကို
အဖွဲ့ချုပ် (MF
အကောင်းဆုံး
နည်းပြဆုကို
အမျိုးသမီးအ
နည်းပြ မစ္စတ

◆**အမေရိကန်မှ**

ဒုံးကျည်သည် KN-08 အမျိုးအစား အမေရိကန်ပြည်ထောင်စုထိ ရောက်ရှိအောင် ပစ်ခတ်နိုင်သည့် တာဝေးပစ်ဒုံးကျည်မဟုတ်ကြောင်း ငြင်းဆိုခဲ့သည်။

ကာကွယ်ရေးဝန်ကြီး ကင်မ်ကွမ်ဂျင်က ပါလီမန်ကော်မတီ အစည်းအဝေးတစ်ရပ်၌ လွှတ်တော်ကိုယ်စားလှယ်များသို့ ပြောကြားရာတွင် အဆိုပါဒုံးကျည်မှာ အတော်အတန်ကြီးမားသော ဒုံးကျည်ဖြစ်သော်လည်း အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိအောင်ပစ်ခတ်နိုင်စွမ်းမရှိကြောင်း၊ ဒုံးကျည်ပြောင်းရွှေ့ချထားမှု၏ နောက်ကွယ်မှ ရည်ရွယ်ချက်ကို မသိရကြောင်းနှင့် စမ်းသပ်မှု၊ လေ့ကျင့်မှု ပြုလုပ်မည်ဟု ယူဆရကြောင်း ပြောကြားသည်။

အကယ်၍ မြောက်ကိုရီးယားအနေဖြင့် အဆိုးဆုံးသောပဋိပက္ခအခြေအနေမျိုးအတွက် စစ်ပြင်ဆင်သည်ဆိုလျှင် စစ်တပ်များအပါအဝင် အခြားစစ်ဘက်ဆိုင်ရာပစ္စည်းလက်နက်များပါဝင်ရမည်ဖြစ်ကြောင်း၊ သို့သော် ယင်းကဲ့သို့ ပြင်ဆင်လှုပ်ရှားမှုမျိုးမတွေ့ရကြောင်း ကင်မ်ကွမ်ဂျင်က ပြောကြားသည်။

ရေဦးမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

ရေဦး ဧပြီ ၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရေဦးမြို့၌ ပေါ့ဆမီးကြောင့် လူနေအိမ်လေးလုံး မီးလောင်ကျွမ်းမှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၃ ရက်ည ၁၂ နာရီ ၅ မိနစ်က စအစ်(ခ)ဦးခင်မောင်ဆန်း ၁၁ လမ်း အောင်ဆန်းရပ်ကွက် နေသူသည် မိသားစုနှင့်အတူ အိပ်နေစဉ် မီးဖိုချောင်မီးကြွင်း မီးကျန်များမှ မီးစတင်လောင်ကျွမ်းကာ လူနေအိမ်နှင့် တိရစ္ဆာန်တဲများအထိ မီးကူးစက်လောင်ကျွမ်းခဲ့သည်။

မီးလောင်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေ၊ ဒုရဲမှူး မြင့်လွင်၊ စခန်းမှူး မောင်မောင်မြင့်နှင့် နယ်ထိန်းခေါင်းဆောင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးမှူး ဦးမျိုးအောင်၊ သန္နေတပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ ဝင်များက မီးသတ်ယာဉ်နှစ်စီး၊ စည်ပင်ရေသယ်ယာဉ်အပါအဝင် ဒေသခံ ပြည်သူများအင်အား ၅၀၀ ခန့်ဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ကြရာ ည ၁၂ နာရီ ၅၅ မိနစ်တွင် မီးညွန့်ကျိုးပြီး နံနက် ၁ နာရီတွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်ကျွမ်းမှုကြောင့် ဆိုင်ကယ်တစ်စီး၊ စက်ဘီးတစ်စီး၊ မီးစက်အကြီးတစ်လုံး၊ မော်တာတပ်ရေဘုံပိုင်တစ်လုံး၊ သွပ်မိုး၊ ကပ်ကာ၊ ပျဉ်ခင်း (၂×၃)ခန်း နှစ်ထပ်အိမ်တစ်လုံး၊ ကပ်မိုး၊ ကပ်ကာ မြေခင်း (၂×၃)ခန်း တစ်ထပ်အိမ် သုံးလုံး စုစုပေါင်း အိမ်လေးလုံး မီးလောင်ကျွမ်းဆုံးရှုံးခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

မိတ္ထီလာ မီးလောင်ပြင်၌ လုံခြုံရေးဝန်ထမ်းများရှင်းလင်း

မိတ္ထီလာ ဧပြီ ၄

မိတ္ထီလာမြို့တွင် တည်ငြိမ်အေးချမ်းမှုများရှိလာသည့်အလျောက် ယာယီဒုက္ခသည်ကယ်ဆယ်ရေးစခန်းများရှိ ဒုက္ခသည်များအား မီးလောင်ကျွမ်းခဲ့သည့် နေရာများကို စနစ်တကျပြန်လည်ကြည့်ရှုခွင့်ပြုလျက် ရှိပြီး ပြည်သူ့ရဲတပ်ဖွဲ့ဝင်များနှင့် တပ်မတော်လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးတာဝန်များကို နေ့စဉ် ဂရုတစိုက်စောင့်ကြပ်တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိသည်။

လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် ပြည်သူ့ရဲတပ်ဖွဲ့ဝင်များနှင့် တပ်မတော်သား လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဧပြီ ၄ ရက် နံနက် ၉ နာရီခွဲက ဝန်ဇင်းရပ်ကွက် နယ်မြေ(၈) ကျောက်တံခါးကွေ့ ရေနုတ်မြောင်းအနီးတွင် မီးလောင်ပျက်စီးထားသည့် ငွေကျပ် ငါးထောင်တန် အရွက် ၈၈၀၊ ငွေကျပ် တစ်ထောင်တန် အရွက် ၇၀၀ စုစုပေါင်း တန်ဖိုးငွေ ၅၁ သိန်းနှင့် အမျိုးသမီးလက်ကိုင်အိတ် ငါးခုကို စွန့်ထားကြောင်း ရှာဖွေတွေ့ရှိရသဖြင့် အမှတ် (၂) ရဲစခန်းမှ ရှာဖွေပုံစံဖြင့် သိမ်းဆည်းအရေးယူထားကြောင်း သတင်းရရှိသည်။

(ယာပုံ)(ခရိုင်ပြန်/ဆက်)

ခြင် ဆေး မီး ပွား သ တိ မ ထား က စီး ပွား၊ ဥ စ္စာ ကုန် လိမ့် မည်

တောင်ငူ ဧပြီ ၄

အမြန်လမ်းမကြီး နေပြည်တော်အလွန်၌ ယာဉ်တိုက်မှုဖြစ်၊ နှစ်ဦးသေ၊ နှစ်ဦးဒဏ်ရာရ

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး တပ်ကုန်းမြို့နယ် နေပြည်တော်နှင့် တပ်ကုန်းမြို့အကြား မိုင်တိုင် (၂၃၈/၁)နှင့်(၂၃၈/၂)တွင် ဧပြီ ၃ ရက် နံနက် ၅ နာရီခန့်တွင် ရန်ကုန်မြို့မှ မန္တလေး၊ ပြင်ဦးလွင်သွား ယာဉ်မောင်း တင့်ဆွေ (၄၂) နှစ် ပြည်မြို့နေသူ မောင်းနှင်သည့် အာကာသ လူစီးမှန်လုံအမြန်ယာဉ် ၆ယ/---နှင့် မြဝတီမှ ကျောက်ဆည်သို့ ယာဉ်မောင်း မိုးညို(ခ)သန်းထွန်းအောင်(၃၉)နှစ် တောင်ငူမြို့နေသူ မောင်းနှင်သည့် ၈ခ/---- လိုက်ထရပ် ယာဉ်ငယ်တို့သည် အထက်ပါနေရာသို့အရောက် လူစီးမှန်လုံကား လိုက်ထရပ်ကို ကျော်တက်ရာ လိုက်ထရပ်ယာဉ်၏ နောက်ပိုင်းကို တိုက်မိပြီး ကားငယ်မှာ သုံးလေးပတ်လိမ့်သွားကာ တိမ်းမှောက်သွားကြောင်း သိရသည်။

ယာဉ်တိုက်မှုကြောင့် လိုက်ထရပ်ယာဉ်မောင်း မိုးညို(ခ) သန်းထွန်းအောင်၊ အောင်နိုင်ဝင်း(၃၁)နှစ်၊ ပဲခူးမြို့နေသူတို့နှစ်ဦးမှာ ပွဲချင်းပြီးသေဆုံးသွားကာ လိုက်ထရပ်ပေါ် စီးနင်းလိုက်ပါလာကြသည့် အောင်မျိုးဦး (၃၁)နှစ်နှင့် ထွန်းနောင်(၁၉)နှစ် ပဲခူးမြို့နေသူတို့နှစ်ဦးမှာ ဒဏ်ရာများရရှိကြပြီး နေပြည်တော်ခုတင် (၁၀၀၀)ဆေးရုံကြီးတွင် တင်ပို့ကုသထားကြောင်း သိရသည်။

ယာဉ်တိုက်မှုသတင်းရလျှင်ရချင်း အမြန်လမ်းမကြီး ပန်းတင်ရဲစခန်းမှ ဒုတိယရဲမှူး ဇေယျာလင်း၊ ဒုရဲအုပ်ဇော်လှိုင်ထွန်းနှင့်ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ ရောက်ရှိကြကာ လိုအပ်သည့် အကူအညီများ ဆောင်ရွက်ပေးကြပြီး အမှုကို ဒုတိယရဲအုပ်ဇော်လှိုင်ထွန်းက တရားလိုပြုလုပ်လျက်အမြန်လမ်းမကြီး ပန်းတင်ရဲစခန်းမှ ပုဒ်မ ၃၀၄ (က)/၃၃၈ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(၁၂၉)

ဧပြီ ၂၄ ရက်မှ စတင်၍ ကျ
ရောင်းချပေးမည်နှင့် ပတ်သက်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တပ်ဆင်ထာ
သုံးစွဲနိုင်ရေးအတွက် ၂၀၁၃ ခုနှစ် ဧပြီ ၂၄ ရက်တွင် ပြ
မိုဘိုင်းလ်ဖုန်း Sim Card တစ်ခုအတွက် ၁၅၀၀ ကျ
ပေးမည့်အပေါ် အလွှာအသီးသီး၏ အမြင်များကို ဖေ

အမေးအရေးနှင့် ဓာတ်
မျိုးဝင်းထွန်း(မုံရွာ)

ကိုဝင်းထက်
(တော်ဝင်ရွှေပြည်သုံးဘီးဂိတ်)

"၁၅၀၀ တန် ဖုန်းကတ်ပေးမှာကောင်းပါတယ်ဗျာ။ ပြည်သူတွေအားလုံးသုံးနိုင်တာပေါ့ဗျ။ ဆင်းရဲသားကအစပေါ့။ အခုလောလောဆယ်ပေးနေတဲ့အခြေအနေကတော့အကောင်းဘက်ပဲ မြင်ထားရမှာပေါ့။ ဘာပြုလို့လဲဆိုရင် လူတန်းစားအမျိုးမျိုးကိုင်နိုင်တာပေါ့။ ဒါတောင် ဟမ်းဆက်ကတော့ ဝယ်ရဦးမှာပေါ့။ ကတ်ကတော့ အလကားပေးမယ်လို့တောင်ကြားပါတယ်။ ဒါပေမယ့် ဒါကို အစိုးရက လုပ်ပေးတဲ့အတွက် အကောင်းဆုံးနဲ့ ကြိုဆိုရမှာပေါ့ဗျာ။ အကန့်အသတ်နဲ့ ချပေးတာလေးတစ်ခုတော့ ပြောချင်တယ်ဗျ။

ကိုဝင်းထက် (

ကြားတာက အ
တစ်သန်းလို့ကြ
တော့ လ
နောက်တော့
အနေနဲ့ တစ်
တတိယ စသ

❑ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှ

လေးစားတန်ဖိုးထားရန်နှင့် အလုပ်ကို ကြိုးစားပမ်းစားလုပ်ရန်လည်း လိုကြောင်း၊ ထိုနည်းတူစွာ အချင်းချင်းဆက်ဆံဆောင်ရွက်သည့်နေရာတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ညှိနှိုင်းဆုံးဖြတ် ဆောင်ရွက်ရေးသည် အရေးကြီးကြောင်း၊ ထို့ကြောင့် အချင်းချင်း တစ်ဦးကိုတစ်ဦး လေးစားပြီး မိမိတို့ဆောင်ရွက်ရမည့်ကိစ္စများကို ညှိနှိုင်းပေါင်းစပ်ကာ ပူးပေါင်းဆောင်ရွက်နိုင်မှု အလေ့အကျင့်ကောင်းများကိုမွေးမြူရန်လိုကြောင်း။

ထိုနည်းတူ တစ်ဦးနှင့်တစ်ဦးဆက်ဆံသည့်နေရာတွင် လေးစားတန်ဖိုးထားပြီး မျှမျှတတခွဲခြားမှုမရှိဘဲ ချစ်ခင်ရင်းနှီးစွာ ဆောင်ရွက်ရန်လိုကြောင်း၊ လွှမ်းခြုံပြောရမည်ဆိုပါက မောင်တို့မယ်တို့သည် နိုင်ငံ့သားကောင်း၊ သမီးမွန်များဖြစ်ပြီး မိမိတို့တစ်ဦးချင်း၏ အကျိုးစီးပွား၊ ဒေသ၏အကျိုးစီးပွား၊ အများအကျိုးစီးပွားနှင့် နိုင်ငံတော်အကျိုးစီးပွားကို ဖော်ဆောင်နိုင်ရမည်ဖြစ်ကြောင်း၊ မောင်တို့ မယ်တို့ ကင်းထောက်လူငယ်များသည်လည်း ယခုဆွေးနွေးခဲ့သည့် အကြောင်းအရာများအပေါ် အခြေခံပြီး ဆောင်ရွက်ထားသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်ဟု ခံယူကြောင်းနှင့် အသင်းကြီး၏ ရည်ရွယ်ချက်ကို အခြေခံပြီး မောင်တို့မယ်တို့ တစ်ဦးချင်း၊ အဖွဲ့လိုက်အနေဖြင့် ကြိုးစားဆောင်ရွက်ရင်း အမိနိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သည့်နေရာတွင် တကယ့်သားကောင်း၊ သမီးမွန်များအဖြစ် ဆက်လက်ဆောင်ရွက်သွားနိုင်ရန် ဆုမွန်ကောင်း တောင်းပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့က ကင်းထောက်လူငယ်အတွေ့အကြုံနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားကြပြီး ကင်းထောက်လူငယ်များအဖွဲ့ကိုယ်စား ဆဋ္ဌမတန်းကျောင်းသူ မမြစန္ဒီစောနှင့် အဖွဲ့ခေါင်းဆောင်ဦးတင်ညိုတို့က ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားကြကာ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။ **(သတင်းစဉ်)**

စင်ကာပူသမ္မတနိုင်ငံသမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းနှင့် ဇနီးတို့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီးတို့ တွေ့ဆုံနှုတ်ဆက်

ရန်ကုန် မေ ၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ် ရောက်ရှိနေသော စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းနှင့် ဇနီး မစ္စစ် မေရီတန်တို့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့သည် ယနေ့ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

အဆိုပါ တွေ့ဆုံနှုတ်ဆက်ပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်နှင့်ဇနီး၊ စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဦးလွင်နှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးလှမြင့်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chua Hian Kong Robert နှင့်ဇနီး၊ သံရုံးတာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဧည့်သည်တော် စင်ကာပူသမ္မတနိုင်ငံသမ္မတနှင့်ဇနီးနှင့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီးတို့က ဆီဒိုးနားဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညပိုင်းတွင် စင်ကာပူသမ္မတနိုင်ငံသမ္မတနှင့်ဇနီးနှင့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

(သတင်းစဉ်)

စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းနှင့်ဇနီးမစ္စစ်မေရီတန်တို့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ ဆီဒိုးနားဟိုတယ်၌ လာရောက်တွေ့ဆုံနှုတ်ဆက်စဉ်။

(သတင်းစဉ်)

AFF ဆုပေးပွဲကို တက်ရောက်ခဲ့သော MFF ဥက္ကဋ္ဌနှင့် အဖွဲ့ ရောက်ရှိ

သတင်းနှင့် ဓာတ်ပုံ - ရှိုင်းထက်ဇော်

အာဆီယံ ဘောလုံးအဖွဲ့ချုပ် (AFF)၏ တစ်နှစ်တာအကောင်းဆုံး ဆုချီးမြှင့်ပွဲကို တက်ရောက်ခဲ့သော မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော် ဦးဆောင်သောအဖွဲ့သည် ယနေ့ နံနက်၁၁ နာရီခွဲက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ဌာနခွဲဒါရိုက်တာများ၊ အမှုဆောင်များနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ယာပုံ)**

အဆိုပါ AFF တစ်နှစ်တာ အကောင်းဆုံးဆုများထဲမှ ဆုနှစ်ဆုကို မြန်မာနိုင်ငံမှ ဆွတ်ခူးရရှိခဲ့ပြီး အကောင်းဆုံးဘောလုံးအဖွဲ့ချုပ်ဆုကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF)ကလည်းကောင်း၊ အကောင်းဆုံး အမျိုးသမီးအသင်းနည်းပြဆုကို မြန်မာလက်ရွေးစင် အမျိုးသမီးအသင်း၏ ဂျပန်လူမျိုးနည်းပြ မစ္စတာ ကူမာဒါတို့က ရရှိခဲ့ခြင်းဖြစ်သည်။ ထို့ပြင် မြန်မာ့လက်ရွေးစင်အသင်းတောင်ပံကစားသမား ကြည်လင်းမှာလည်း အာဆီယံ အကောင်းဆုံးကစားသမား ၁၁ ဦးစာရင်းတွင် ရွေးချယ်ခံခဲ့ရကြောင်း သိရသည်။

ခရမ်းလွန်ရောင်ခြည်အန္တရာယ် သတိပေးနှိုးဆော်ချက်

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းမြင့်မားစွာရှိနေသော ယခုအချိန်တွင် ခရမ်းလွန်ရောင်ခြည်အန္တရာယ် ပိုမိုကျရောက်နိုင်ပါသည်။ ခရမ်းလွန်ရောင်ခြည်သည် လတ်တလောထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင်ညိုလာခြင်းတို့ဖြစ်ပြီး ထိတွေ့မှုကာလကြာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများ အိုမင်းရင့်ရော်ခြင်း၊ ခုခံအား ကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့် ရောဂါများ ဖြစ်ပွားနိုင်ပါသည်။

သို့ပါ၍ ပူပြင်းသော နေရောင်ခြည် ကျရောက်နိုင်သည့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့်အချိန်အတွင်း အလုပ်လုပ်ကိုင်သူများ နေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားသူများ၊ သကြ်န်ရေကစားသူများ၊ ကလေးငယ်များအား အောက်ပါအတိုင်း သတိပြုကာကွယ်ကြရန် နှိုးဆော်အပ်ပါသည်။

၁။ ပူပြင်းသော နေရောင်ခြည်အောက်တွင် အလုပ်လုပ်ပါက မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့အောင် ကာကွယ်ပါ။

၂။ နေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားရန်လိုအပ်ပါက မျက်နှာ၊ လည်ပင်း၊ ပခုံးတို့ပါ လုံခြုံသောဦးထုပ်၊ ထီး စသည်တို့ဆောင်းသွားပါ။

၃။ အဝတ်လွတ်ကင်းနေသော လက်၊ လည်ပင်းနှင့် ပခုံး စသည့်နေရာများကို သနပ်ခါးထူထူ (သို့) SPF15+ ပါဝင်သော နေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ ၁၅ မိနစ်ခန့် ကြိုလိမ်းရန်နှင့် နေရောင်ခံလိမ်းဆေး တစ်ခါလိမ်းပြီး နှစ်နာရီကြာပြီးတိုင်း နောက်တစ်ခါထပ်လိမ်းပါ။

၄။ ခရမ်းလွန်ရောင်ခြည်ကိုကာကွယ်နိုင်ရန် ခရမ်းလွန်ရောင်ခြည်အလွယ်တကူမဖောက်နိုင်သော အရောင်ရင့်သော အဝတ်အထည်များ၊ ထူသောအဝတ်အထည်များကိုဝတ်ပါ။

၅။ ခရမ်းလွန်ရောင်ခြည်ကြောင့် မျက်စိထိခိုက်နိုင်ပါသဖြင့် အလှအပသက်သက်ထုတ်လုပ်ထားသော နေကာမျက်မှန် များထက် ၉၉ ရာခိုင်နှုန်း ကာကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကို ရွေးချယ်အသုံးပြုပါ။

၆။ ကလေးငယ်များသည် လူကြီးများထက် ခရမ်းလွန်ရောင်ခြည်ကြောင့် ထိခိုက်မှုအန္တရာယ်ကို ပိုမိုခံစားရသောကြောင့် လူကြီးမိဘများအနေနှင့်

-အသက်တစ်နှစ်အောက်ငယ်သော ကလေးငယ်များကို နေပူထဲသို့ ခေါ်ဆောင်ခြင်းမပြုပါနှင့်။

-ကလေးများကို အရိပ်ထဲတွင်သာ ကစားပါစေ။

-အပြင်ထွက်ရန်လိုအပ်ပါက သနပ်ခါးထူထူ(သို့) နေရောင်ခံလိမ်းဆေးကို မျက်နှာ၊ လည်ပင်း၊ ပခုံး၊ နောက်ကျော၊ ခြေထောက်နှင့် ခြေဖမိုးပေါ်သို့ လိမ်းပေးပါ။ ခရမ်းလွန်ရောင်ခြည်မဖောက်နိုင်သော အဝတ်ဝတ်ပေးပါ။ နေကာမျက်မှန်တပ်ပါ။ ဦးထုပ်၊ ထီး ဆောင်းပေးပါ။

ကျန်းမာရေးဝန်ကြီးဌာန

မေ ၂၄ ရက်မှ စတင်၍ ကျပ် ၁၅၀၀ တန်ဆင်းမ်ကတ်များ ရောင်းချပေးမည်နှင့် ပတ်သက်၍ အလွှာအသီးသီး၏ အမြင်များ

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တပ်ဆင်ထားသော မိုဘိုင်းလ်ဖုန်းများအား မိဘပြည်သူများအလွယ်တကူ သုံးစွဲနိုင်ရေးအတွက် ၂၀၁၃ ခုနှစ် မေ ၂၄ ရက်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် မိုဘိုင်းလ်ဖုန်း Sim Card တစ်ခုအတွက် ၁၅၀၀ ကျပ်နှုန်းဖြင့် လစဉ်မိုဘိုင်းလ်ဖုန်း သုံးသိန်းခွဲကို ခွဲဝေရောင်းချပေးမည့်အပေါ် အလွှာအသီးသီး၏ အမြင်များကို မေးမြန်းကြည့်ရာ -

အမေးအရေးနှင့် ဓာတ်ပုံ
မျိုးဝင်းထွန်း(မုံရွာ)

ကိုဝင်းထက်
(တော်ဝင်ရွှေပြည်သုံးဘီးဂိတ်)

"၁၅၀၀ တန် ဖုန်းကတ်ပေးမှာကောင်းပါတယ်ဗျာ။ ပြည်သူတွေအားလုံးသုံးနိုင်တာပေါ့ဗျ။ ဆင်းရဲသားကအစပေါ့။ အခုလောလောဆယ်ပေးနေတဲ့အခြေအနေကတော့အကောင်းဘက်ပဲ မြင်ထားရမှာပေါ့။ ဘာပြုလို့လဲဆိုရင် လူတန်းစားအမျိုးမျိုးကိုင်နိုင်တာပေါ့။ ဒါတောင် ဟမ်းဆက်ကတော့ ဝယ်ရဦးမှာပေါ့။ ကတ်ကတော့ အလကားပေးမယ်လို့တောင်ကြားပါတယ်။ ဒါပေမယ့်ဒါကို အစိုးရက လုပ်ပေးတဲ့အတွက် အကောင်းဆုံးနဲ့ ကြိုဆိုရမှာပေါ့ဗျာ။ အကန့်အသတ်နဲ့ ချပေးတာလေးတစ်ခုတော့ ပြောချင်တယ်ဗျ။

ကိုဝင်းထက် (တော်ဝင်ရွှေပြည်သုံးဘီးဂိတ်)

ကြားတာက အလုံးရေတစ်နိုင်ငံလုံးစာ တစ်သန်းလို့ကြားတာပါ။ နောက်တော့ လာရင်လာနိုင်ဦးမှာပါ။ နောက်တော့ ဖြစ်လာမှာပါ။ ပထမအနေနဲ့ တစ်သန်း၊ ဒုတိယအနေနဲ့ တတိယ စသဖြင့် လာမှာပါ"

မရွှေစင်
(မင်းကြီးကြိုက်-ကွမ်းယာဆိုင်-ဘူတာအနီး-မုံရွာမြို့)

"ကျွန်မတို့ကလည်း အဲဒီဖုန်းလိုချင်လို့စောင့်နေကြတာပါ။ တစ်လပိုင်းကစပြီးချပေးမယ်ဆိုတော့ စောင့်နေကြတာပါ။ ပိုက်ဆံကတော့ မရှိဘူးပေါ့နော်။ နှစ်သောင်းဆိုရင်လည်း ဖြစ်အောင်ဝယ်မှာပဲ။ ငါးသောင်းဆိုရင်လည်း ဖြစ်အောင်ဝယ်မှာပါပဲ။ တစ်သိန်းကျော် တစ်သိန်းတန်ဆိုရင်တော့ တစ်ခါတည်း မဝယ်နိုင်ပါဘူး။ ဖြည်းဖြည်းချင်း ပြန်စုဝယ်ရမှာလို့ တွက်ထားတာပေါ့။ (၃)လပိုင်းကနေ (၄)လပိုင်းအထိ ကျွန်မတို့ ဖုန်းစောင့်နေကြတဲ့သူတွေ ဖြစ်ပါတယ်ရှင့်။ စိတ်ထဲမှာ နည်းနည်းတော့ ကသိကအောင့်ဖြစ်တာပေါ့။ ပိုက်ဆံက အဓိကမဟုတ်ပါဘူး။ ငါးသောင်းအောက်ထစ်ထိဆိုရင်ကို ဝယ်နိုင်ပါတယ်။ ချပေးမယ်၊ မချပေးမယ်ဆိုတာ အဓိက ကျွန်မတို့က သိချင်ကြတာပါ။ မနေ့က CDMA ၁၅၀၀ တန် ချပေးမယ်ဆိုတော့ စိတ်ထဲမှာ မတင်မကျကြီး ဖြစ်နေတုန်းပဲ။ CDMA ဆိုတော့ လိုင်းတအားကြီးမကောင်းဘူးလို့ ပြောသံကြားထားတော့ ဝယ်ရမှာလို၊ မဝယ်ရမှာလို ဖြစ်နေတယ်။ ဖုန်းကလည်း ဝယ်မယ်ဆိုရင် ကိုယ့်နာမည်နဲ့ကိုယ် တစ်ဦးတည်းတစ်ယောက်တည်းဝယ်ရမှာပါ။ တကယ်လို့ CDMA ဝယ်လိုက်တယ်ဆိုရင် လိုင်းမကောင်းလို့ နောက်ထပ်ဝယ်ချင်ရင် ဝယ်မရမှာလည်း စိုးရိမ်နေမိတယ်ရှင့်။ အဲလိုဇဝေဇဝါ မတင်မကျချည်း ဖြစ်နေတာပါ။ လိုင်းမကောင်းလို့ အသစ်ဝယ်မရမှာ တအားစိုးရိမ်တာပါ"

မရွှေစင် (မင်းကြီးကြိုက်ကွမ်းယာဆိုင်)

ဦးကျော်ဝင်းမြင့်
(ရေစည်လှည်းလုပ်သား-မုံရွာမြို့)

"ကျွန်တော်တို့ရေစည်လှည်းလုပ်သားတွေကတော့ အဲဒီ CDMA ပေးမယ့်ဘက်ကို သိပ်စိတ်မဝင်စားကြတာ အမှန်ပဲဗျ။ ဘာလို့လဲဆိုတော့ အလုပ်ပဲမဲတင်းပြီး လုပ်နေကြတာဆိုတော့လေ။ အခုလောလောဆယ် စိတ်ဝင်စားတာက နှစ်စဉ်အလှူဖြစ်တဲ့သင်္ကြန်မတိုင်ခင်လေးမှာ ရေအလှူသွားလုပ်ဖို့ကိုပဲ စိတ်ဝင်စားနေကြတာပါ။ ဒီနှစ် ယင်းမာပင်မြို့နယ် ထနောင်းကုန်းကျေးရွာ မိဘမဲ့ကျောင်းကို ရေသွားလှူကြမှာပါ။ CDMA ဖုန်း ကျပ် ၁၅၀၀ တန်ကတ် သေချာပေါက်ပေးရင်တော့ ကောင်းတာပေါ့လေ။ လူတိုင်းကိုင်နိုင်တာပေါ့။ တစ်ယောက်နဲ့တစ်ယောက် ခေါ်မကြား အော်မကြားတဲ့နေရာမှာဆိုရင် ဒါလေးနဲ့ကောက်ပြီးပြောလို့ ပြုလို့ကောင်းတာပေါ့။ တိုးတက်လာတာနဲ့အမျှ ကောင်းပါတယ်"

ကိုကျော်ဝင်းမြင့် (ရေစည်လှည်းလုပ်သား)

မမြင့်မြင့်အေး
(ရေစည်လှည်းလုပ်သား-မုံရွာမြို့)

"ကျွန်မတို့က ၁၅၀၀ ကျပ် တန် CDMA ဖုန်းကတ်ပေးမယ်ဆိုတာ ကြားပါတယ်ရှင့်။ ကျွန်မတို့က ဝမ်းသာတယ်ရှင့်။ လူတိုင်းလည်း ကိုင်နိုင်နေပြီဆိုတော့ ပိုကောင်းတာပေါ့။ ပျော်ပါတယ်။ ဟိုလိုဆိုရင် တော်ရုံတန်ရုံဝယ် မကိုင်နိုင်ဘူးလေ။ ၁၅၀၀ ဆိုတော့ သမီးတို့လည်း ဝယ်နိုင်ပြီလေ။ ဝမ်းသာပါတယ်။ ကျွန်မတို့ကြားတာ မိနစ်ကျတော့ တိုးပြီးတော့ ငွေပေးရမယ်လည်း ကြားနေတယ်ရှင့်။ ဝမ်းသာတာပဲ သိတယ်။ ကိုယ်လည်းမကိုင်ဖူးတော့ အရမ်းကိုင်ချင်နေတာလေ။ ဟမ်းဆက်ဝယ်ရင် အင်တာနက်ကြည့်လို့ရတဲ့ဟမ်းဆက်ပဲ ဝယ်မှာပါ။ ဟတ်ဝေးလေ။ အဲဒါတွေပဲကြိုက်တယ်။ ဝယ်မှတော့စက်လေးတော့ ကောင်းတာလေးကိုင်ဦးမှာရှင့်။ မောင်လေးကလည်း ကုမ္ပဏီလုပ်တာဆိုတော့ ကုမ္ပဏီကဖုန်းခွဲ (ဟမ်းဆက်) ပေးထားတာဆိုတော့ အခုကတ်ပေးတော့ ဝယ်ပြီးထည့်ရုံပဲလေ။

မမြင့်မြင့်အေး (ရေစည်လှည်းလုပ်သား)

နိုင်ငံ့ဝန်ထမ်းနှင့် အခြေခံလူတန်းစားများ၏ စားဝတ်နေရေးအပေါ် ရိုက်ခတ်လာမှုများ

ပြည်သူတစ်ဦး

ကမ္ဘာပေါ်ရှိ လူသားအားလုံး နံနက်မိုးလင်း မျက်စိနှစ်လုံးဖွင့် အိပ်ရာထချိန်မှ ညမိုးချုပ်အိပ်ရာဝင်ပြီး မျက်စိနှစ်လုံးပိတ်အိပ်စက်အနားယူချိန်အထိ မည်သည့်နိုင်ငံနေရာဒေသအသီးသီးတွင် နေထိုင်၍ လူမျိုးဘာသာအယူဝါဒ မည်မျှပင်ကွဲပြားစေကာမူ တစ်ခုတည်းသော တူညီသည့်ဘုံရည်မှန်းချက်မှာ ဖခင်ဖြစ်သူ ဦးဆောင်၍ တတ်မြောက်ကျွမ်းကျင်လိမ္မာရာ အသိပညာ၊ အတတ်ပညာ အမျိုးမျိုးဖြင့် မိသားစုတစ်ခုလုံး စားရေး၊ နေရေး၊ ဝတ်စားဆင်ယင်ရေးမှအစ "အနာဂတ်သားသမီးများ ဘဝလမ်း" ဖြောင့်ဖြူးသာယာရေးအတွက် ခေတ်နှင့်လျော်ညီသော "အသိပညာ၊ အတတ်ပညာ အမွေများလက်ဆင့်ကမ်းပေးနိုင်ရန်"လိုအပ်သော ငွေကြေးဥစ္စာများရှာဖွေသည့် "ကြီးမားမွန်မြတ်သော" တာဝန်များကို ထမ်းဆောင်ခဲ့သည်မှာ ကမ္ဘာဦးစကတည်းက ဖြစ်ပါသည်။

၂၀ ရာစုနှောင်းပိုင်းတွင် ကမ္ဘာကြီး၌ တိုးတက်များပြားသော လူဦးရေနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသော ခေတ်ရေစီးကြောင်း အပြောင်းအလဲကြောင့် "ယခင်သားသမီးများအတွက် ငွေကြေးဥစ္စာမှအပ" ကျန်လိုအပ်ချက်အားလုံးကို ဖြည့်ဆည်းဆောင်ရွက်ပေးနေသော "မိခင်"များပါ လိုအပ်ချက်အရ ငွေကြေးဥစ္စာများ ကူညီရှာဖွေပေးရသော အခြေအနေသို့ ရောက်ရှိလာပြီဖြစ်ပါသည်။

မိဘများမှ မိမိဝင်ငွေနှင့် လက်လမ်းမမီ သားသမီးများ၏ "ပညာရေး" ရယူလိုမှုဆန္ဒကို စိတ်မကောင်းစွာဖြင့်ပင် ဆက်လက်ဖြည့်ဆည်းပေးနိုင်မှုမရှိသော မိဘများသည်လည်းကောင်း၊ အချို့သော မိဘများမှာလည်း နည်းလမ်းပေါင်းစုံဖြင့် ငွေကြေးဥစ္စာရှာဖွေ၍ "ပညာရေး" ရယူလိုမှုဆန္ဒကို ဆက်လက်ဖြည့်ဆည်းပေးနိုင်သည့် မိဘများသည်လည်းကောင်း "ခေတ်စနစ်"ပြောင်းလဲရိုက်ခတ်မှုဒဏ် ရင်ဆိုင်နေရသည်ကို တွေ့ရှိရပါသည်။

နိုင်ငံ့ဝန်ထမ်း၊ အမှုထမ်း၊ အရာထမ်းများနှင့် လက်လုပ်လက်စား အခြေခံလူတန်းစားများ၏ တစ်လဝင်ငွေသည် ယနေ့ခေတ်တွင် ကုန်ကျမှုမြင့်မားလှသော ပညာရေးစနစ်ကြောင့် မိသားစုအတွင်း အခြေခံပညာ သင်ကြားနေသော သားသမီးနှစ်ဦး၏ လစဉ်ခေတ်ရေစီးကြောင်းအရ အပိုကုန်ကျနေသော ကျူရှင်၊ စာကျက်ဝိုင်း၊ (Day Special) အစရှိသော ပညာသင်ကြားမှုစရိတ်များနှင့်ပင် တူညီလုနီးပါးဖြစ်လာသည်ကို သတိချပ်ဆင်ခြင်မိလာပါသည်။

အနာဂတ်တိုင်းပြည်အတွက် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်များ စတင်မွေးထုတ်ပေးရာ "ပညာရေးကဏ္ဍ"၏ "စာသင်ခန်း" "စာသင်ကျောင်း" ပြင်ပတွင် လိုအပ်ချက်အရသော်လည်းကောင်း၊ မဖြစ်မနေ အပိုသင်ကြားနေရခြင်းကြောင့်လည်းကောင်း လစဉ်ကုန်ကျနေသော "ပညာရေးစရိတ်" များသည် မိဘတိုင်းလိုအပ်သည်ထက် ပိုမိုကုန်ကျနေရသည်ဟု ထင်မြင်မိပါသည်။

ယနေ့ခေတ် နိုင်ငံတော်ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလအတွင်း အနာဂတ်တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်သော "ပညာရေးကဏ္ဍ"ကိုလည်း အစွမ်းကုန်ပြုပြင်ပြောင်းလဲနိုင်ရန် ပြည်တွင်းသုံးငွေဘတ်ဂျက်များ ပိုမိုသုံးစွဲခြင်း၊ ဒေသအတွင်းနှင့် နိုင်ငံတကာမှ ငွေကြေးအကူအညီနှင့် နည်းပညာအထောက်အပံ့များရယူ၍ အခြေခံပညာမှအစ တက္ကသိုလ်ပညာရေးအဆုံး အဆင့်မြှင့်တင်မှုများ ဆောင်ရွက်နေခြင်း၊ ပုဂ္ဂလိကကျောင်းများအားလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖွင့်လှစ်သင်ကြားခွင့်ပြုခြင်းအစရှိသော ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များသည် အနာဂတ်ဒီမိုကရေစီ နိုင်ငံတော်တွင် ပိုမိုပွင့်လင်းမြင်သာပြီး "ပြည်သူတွေ"၏ သားကောင်းသမီးကောင်းရတနာများအတွက် အမှန်တကယ်လိုအပ်သည့် "ပညာရေးစနစ်" တစ်ခုအား အုတ်မြစ်ချနိုင်ရန် ဦးဆောင်လမ်းပြ ဆောင်ရွက်ပေးနေခြင်းဟု ထင်မြင်နေမိပါသည်။

ရှေးဘိုးဘွားဘီဘင်လက်ထက်ကပင် ခေတ်အဆက်ဆက်ရေပန်းစားခဲ့သော "ပညာရွှေအိုး လူမခိုး"ဟူသော စကားပုံအနက်အဓိပ္ပာယ်၏ ပြောင်းပြန်အဓိပ္ပာယ်ဖြစ်သော "ရွှေအိုးပေးမှ ပညာရ"ဟုပင် ပြောဆိုရမည့် ခေတ်နှင့်ရင်ဆိုင်နေရပြီဖြစ်ပါသည်။ စာရေးသူတို့ ငယ်စဉ်ကလေးဘဝ အခြေခံပညာမူလတန်းပညာများ သင်ယူစဉ်အချိန်က အသုံးပြုခဲ့သော "ဗလာစာအုပ်"၏ နောက်ကျောအဖုံးတွင် ရိုက်နှိပ်ဖော်ပြထားသည့် "အတတ်လည်း သင်၊ ပဲ့ပြင်ဆုံးမ၊ သိပွမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့ ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာ" ဆရာတို့၏ ငါးဖြာသော ကျင့်ဝတ်ကို ပြောင်းလဲစီးဆင်းနေသော ပညာရေးရေစီးကြောင်းပေါ်မှ အတ္တနှင့် လောဘ လွှမ်းကဲနေသော ဆရာ၊ ဆရာမများနှင့် ယနေ့ခေတ် "တပည့်တို့"၏ အပြန်အလှန် ယုံကြည်သက်ဝင်နေသည့် "သဘောထားခံယူချက်များသည် အနာဂတ်တိုင်းပြည်အတွက် လွန်စွာရင်လေးဖွယ်ကောင်းလှပါသည်။

ပုဂ္ဂလိက စာသင်ကျောင်းများနှင့် နိုင်ငံခြားမှ လာရောက်ဖွင့်လှစ်သော ကျောင်းအမျိုးမျိုးပေါ်ထွန်းလာမှုသည် တိုင်းပြည်အတွက် ပိုမိုကောင်းမွန်သော ပညာရေးစနစ်ပေါ်ထွန်းလာမည့်အပြင် နိုင်ငံတကာနှင့်လည်း "ပညာရေး" ကဏ္ဍတွင် ရင်ပေါင်တန်းယှဉ်ပြိုင်လာမည်ဟု ယုံကြည်မိပါသည်။

ဉာဏ်ရည်မတူ သင်ယူလေ့လာပုံအမျိုးမျိုးကွဲပြားသော တပည့်များသည် ပုံမှန်စာသင်ချိန်တွင် သင်ကြားနာယူ မှတ်သားသည့်အခါ "စာ"(သင်ခန်းစာ)ကို ကောင်းမွန်စွာ သင်ယူမှတ်သားနိုင်မှုမရှိခြင်းကြောင့် လည်းကောင်း၊ "ဉာဏ်ရည်"ကောင်းပြီး ကောင်းမွန်စွာ သင်ယူမှတ်သားကျက်မှတ်နိုင်သော်လည်း "အားလုံးသော" ကျောင်းသား ကျောင်းသူများထက် ပိုမိုတော်အောင် (သာအောင်)ဟု ဆိုသော လောဘစိတ်၊ "မိဘ"များ၏ ပြင်းထန်သော ပြိုင်ဆိုင်မှုများကြောင့်လည်းကောင်း "စာသင်ခန်း"၏ ပြင်ပတွင် ကျူရှင်ယဉ်ကျေးမှုများ စတင်ပေါ်ထွန်းလာမည်ဟုဆိုလျှင် မည်သူမျှငြင်းနိုင်မည်မဟုတ်ပါ။

မိဘ/ဆရာနှင့်ကျောင်းသားတို့၏ အပြန်အလှန်အပေးအယူမျှတပြီး လွဲမှားသော ယုံကြည်ချက်နှင့်ခံယူချက်များကြောင့် အရှိန်အဟုန်ဖြင့် တစ်နိုင်ငံလုံး တောရော၊ မြို့ပါမကျန် ပျံ့နှံ့ထွန်းကားလာသော "ကျူရှင်" ယဉ်ကျေးမှုများ တဖြည်းဖြည်းချင်း ပပျောက်သွားစေရေးအတွက် နိုင်ငံတော်အစိုးရအဖွဲ့နှင့် ပြည်ထောင်စုလွှတ်တော်တို့မှ အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အစီအမံများ ချမှတ်ဆောင်ရွက်ပေးခြင်းဖြင့်လည်းကောင်း၊ ပြည်သူများအနေဖြင့်လည်း အနာဂတ်တိုင်းပြည်ပညာရေးကဏ္ဍအတွက် ကောင်းမွန်သောအတွေးအခေါ်များ၊ မှန်ကန်သော ယုံကြည်ချက်များ၊ ခံယူချက်များ ခံယူကျင့်သုံးခြင်းဖြင့်လည်းကောင်း "သန့်ရှင်း၍ တရားမျှတသော" ပညာရေးကဏ္ဍသစ်တစ်ခုကို အုတ်မြစ်ချနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြမည့် အချိန်ကျရောက်လာနေပြီဖြစ်ပါသည်။

နိုင်ငံတော်မှ ပြည်သူများ၏ လူနေမှုဘဝ မြင့်မားတိုးတက်ရေးအတွက် "ဆင်းရဲမွဲတေမှု ပပျောက်ရေးအစီအမံ" များအား "စီမံချက်"ချမှတ်ပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးနေခြင်းများသည် ရှင်သန်ထွန်းကားနေသော "ကျူရှင်"ယဉ်ကျေးမှုကြောင့် သားသမီးများ ပညာရေးအပေါ် လစဉ်ငွေကုန်ကျမှုပိုမိုများပြားနေခြင်းများသည် နိုင်ငံတော်မှ ကောင်းမွန်သော ရည်ရွယ်ချက်ဖြင့် စီစဉ်ဆောင်ရွက်ပေးနေမှု "အရှိန်အဟုန်"ကို သက်ရောက်မှုနည်းပါးစေမည်ဖြစ်ပါသည်။

နိုင်ငံ့ဝန်ထမ်းနှင့် အခြေခံလူတန်းစား လက်လုပ်လက်စားများသည် သားသမီးများ၏ ပညာရေးအတွက် ငွေကြေးကုန်ကျမှုကို အတိုင်းအတာဖြင့် သုံးစွဲရန်ပင် အခက်အခဲများစွာရှိနေ၍လည်းကောင်း၊ "ငါးဖြာသောကျင့်ဝတ်ကို ကိုင်စွဲနေသော" အနန္တဂိုဏ်းဝင်ဆရာများအနေဖြင့်လည်း "ပီတိကိုစားအားရှိပါဘိ"ဟုဆိုသော စကားပုံအတိုင်း ပီတိကိုသာစားနေ၍ ၎င်းတို့၏ ဘဝ ရှင်သန်ရပ်တည်ရန် အခက်အခဲများစွာရှိသကဲ့သို့ "အူမ တောင့်မှ သီလစောင့်မည်" ဟူသော စကားပုံမှာလည်း "အနန္တဂိုဏ်းဝင်ဆရာများဖြစ်၍" အပြည့်အဝ ခံယူကျင့်သုံးမည်ဆိုလျှင် ဆရာများ၏ ကြီးမြတ်သောဂုဏ်သိက္ခာကို ထိခိုက်ပွန်းပဲ့နိုင်၍သော်လည်းကောင်း "အတ္တပရ" ညီညွတ်မျှတစွာဖြင့် အနာဂတ်"ပညာရေးကဏ္ဍ"အား အသွင်သစ်၊ အမြင်သစ်ဖြင့် ဆက်လက်သင်ကြားဆောင်ရွက်ပေးစေလိုကြောင်း မွန်မြတ်သော စိတ်စေတနာဖြင့် အပြုသဘောဆောင် ရေးသားတင်ပြအပ်ပါသည်။ ။

သုံးခွတွင် သစ်ပင်ခုတ်ရာမှ သစ်ကိုင်းရိုက်မိ၍ လူတစ်ဦး သေဆုံး

သုံးခွ မေ ၄

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အမှတ်(၂၉) နှင်းဆီလမ်း (၁၂)ရပ်ကွက် နေအိမ်ခြံဝင်းအတွင်း အမြင့်ပေ ၈၀/၉၀ ခန့်နှင့် လုံးပတ်ယောကျ်ားလက်နှစ်ဖက်စာခန့်ရှိ ကညင်ပင်ထိပ်ခွကြားတွင် လူတစ်ဦး ကြိုးတန်းလန်းနှင့် သစ်ကိုင်းရိုက်မိသဖြင့် သေဆုံးနေကြောင်း သိရှိရသည်။

သေဆုံးသူမှာ မောင်ကံ(ခ) ဆန်းဝင်း(၃၄)နှစ် ဇေယျာသိဒ္ဓိမွှာ ရုံလမ်း ဗိုလ်ချုပ်ရွာ သန်လျင်မြို့တွင် နေထိုင်သူဖြစ်ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ သေဆုံးသူသည် ကညင်ပင်ပေါ်တွင် လုံးပတ် လေးပေခန့်၊ အရှည်ပေ ၂၀ ခန့်ရှိ သစ်ကိုင်းအား ကြိုးဖြင့်ချည်၍ ဖြတ်တောက်ရာ သစ်ကိုင်းမှာအောက်သို့မကျဘဲ လည်၍ သစ်ပင်ခုတ်သူ၏ဦးခေါင်းအား ပြန်ရိုက်မိကာ သစ်ပင်ထိပ်ခွကြားတွင် ၎င်း၏ ခါး၌ ထိန်းထားသော သိုင်းကြိုးတန်းလန်းဖြင့် ပြုတ်မကျဘဲ သေဆုံးခြင်းဖြစ်သည်။ သုံးခွရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ် ၈/၂၀၁၃ ဖြင့် သေမှုသေခင်း အမှုဖွင့်၍ စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ကိုကျော်(သုံးခွ)

စစ်ကိုင်းမြို့ မန္တလေး-မုံရွာ ကားလမ်းဘေးတွင် စက်ချွတ်ယွင်း၍ ရပ်ထားသော ခြောက်ဘီးယာဉ်အား မှန်လုံယာဉ်မှ ဝင်တိုက်

မုံရွာ မေ ၄

မတ် ၂၉ ရက် နံနက် ၂ နာရီ ၄၅ မိနစ်ခန့်တွင် စစ်ကိုင်းမြို့ ရွှေသမားရပ်ကွက် မန္တလေး-မုံရွာကားလမ်း လေးမျက်နှာဓမ္မာရုံအနီး၌ ခရီးသည်တင်မှန်လုံယာဉ်တစ်စီး စက်ချွတ်ယွင်း၍ လမ်းဘေးချရပ်ထားသော ခြောက်ဘီးယာဉ်အား နောက်မှဝင်တိုက်မိကြောင်းသိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မှ ရွှေဘိုသို့ ယာဉ်မောင်းဟန်ဝင်းအောင် သထုံမြို့နယ်နေသူ မောင်းနှင်လာသော ၈ည/--- စိန်းငွေးလှိုင် ခရီးသည်တင်မှန်လုံယာဉ်သည် စစ်ကိုင်းမြို့ ရွှေသမားရပ်ကွက် မန္တလေး-မုံရွာကားလမ်း လေးမျက်နှာဓမ္မာရုံအနီးတွင်စက်ချွတ်ယွင်း၍ လမ်းဘေးချရပ်ထားသည့် န/--- နစ်ဆန်းအမျိုးအစားခြောက်ဘီးယာဉ်အား အရှိန်မထိန်းနိုင်ဘဲ နောက်မှတိုက်မိခဲ့ရာ ယာဉ်နှစ်စီးစလုံးလမ်းဘေးသို့ထိုးကျသွားခဲ့ပြီး ယာဉ်တိုက်မှုကြောင့် ဟန်ဝင်းအောင်မှာ ဦးခေါင်းနှင့်ခြေထောက်တို့တွင် ဒဏ်ရာများရရှိခဲ့ကြောင်းသိရသည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ စစ်ကိုင်းမြို့ အမှတ်(၁)ရဲစခန်းမှ ဟန်ဝင်းအောင်အား ယာဉ်(ပ) အမှတ် ၈/၂၀၁၃၊ ပြစ်မှုပုဒ်မ ၂၇၉/၃၃၇ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ဝ၂၉)

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများမပြုလုပ်ရန်။

(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများမပြုလုပ်ရန်။

(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသောရေကစားမှုများ မပြုလုပ်ရန်။

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကိုဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူပြောဆိုမှု၊ ကြိုးပမ်းမှုများမပြုလုပ်ရန်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

ဝန်းသိုမြို့နယ်အတွင်း ဒသမတန်းကျောင်းသား ရှစ်ဦး အပျော်တမ်းတောလိုက်ရာမှ ကျားသစ်ကုတ်ခံရ

မုံရွာ မေ ၄

မတ် ၂၆ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့နယ် မက္ကလက်ကျေးရွာအုပ်စု ကျောက်တိုင်ကျေးရွာ၏တောင်ဘက် ခြောက်ဖာလုံခန့်အကွာရှိ ဘုန်းကြီးကျောင်းချောင်းရိုးအတွင်းတွင် ဒသမတန်းကျောင်းသားများ အပျော်တမ်းတောလိုက်ထွက်ရာမှ ကျားသစ်ကုတ်ခံခဲ့ရကြောင်း သိရသည်။

ထိုသို့ အပျော်တမ်းတောလိုက်ရာတွင် မိဿလင်ကျေးရွာနေ မောင်မျိုးလှိုင်ဝင်း၊ မောင်သန့်ဇင်ထွန်းအပါအဝင် ဒသမတန်းကျောင်းသားရှစ်ဦးခန့်သည် နွေရာသီအပျော်တမ်းတောလိုက်ရာ ရုတ်တရက် ကျားသစ်တစ်ကောင်က မောင်မျိုးလှိုင်ဝင်းအားကုတ်ရာ အပေါင်းအဖော်များ၏ ခြောက်လှန့်မှုဖြင့် လိုက်ပါလာသော တောလိုက်ခွေးတို့၏ ဟောင်မှုကြောင့် ကျားသစ်သည် တောအတွင်းထွက်ပြေးသွားကြောင်း သိရသည်။ ကျားသစ်အကုတ်ခံရသူ မောင်မျိုးလှိုင်ဝင်းမှာ နဖူးတွင် ကုတ်ခြစ်ဒဏ်ရာများနှင့် ဝဲဘက်ပေါင်ကုတ်ခြစ်ဒဏ်ရများရရှိခဲ့သဖြင့် ဝန်းသိုဆေးရုံတွင်ဆေးဝါးကုသမှုခံယူလျက်ရှိပြီး အသက်အန္တရာယ်စိုးရိမ်ဖွယ်ရာမရှိကြောင်း၊ သို့ပါ၍ ကျားသစ်ကုတ်ခြင်း ခံရသည့်အတွက် အမှုမဲ့အမှတ်မဲ့ တောသွားတောလာ မပြုမိကြရန် လိုအပ်သည်ဟု ဒေသခံများက သတိပေးထားကြောင်း သိရသည်။

(ဝ၂၉)

၂၀၁၂ ခုနှစ် မတ်လထက် ၂၀၁၃ ခုနှစ် မတ်လတွင် ယာဉ်တိုက်မှုလျော့သော်လည်း ယာဉ်တိမ်းမှောက်မှုတိုးလာ

ရန်ကုန် မေ ၄

ရန်ကုန်တိုင်းဒေသကြီးအတွင်း မောင်းနှင်ပြေးဆွဲနေသော ခရီးသည်တင် ယာဉ်လိုင်းများတွင် ၂၀၁၂ ခုနှစ် မတ်လထက် ၂၀၁၃ ခုနှစ် မတ်လသည် ယာဉ်တိုက်မှု နှစ်မှုလျော့လာသော်လည်း ယာဉ်တိမ်းမှောက်မှုဖြစ်စဉ်တွင် နှစ်မှု တိုးလာကြောင်း မေ ၃ ရက်တွင် ပြုလုပ်သည့် မထသ(ဗဟို)၏ မီဒီယာတွေ့ဆုံပွဲမှ သိရသည်။

၂၀၁၂ ခုနှစ် မတ်လတွင် ယာဉ်တိုက်မှု ၁၆ ကြိမ်၊ ယာဉ်တိမ်းမှောက်မှု တစ်ကြိမ်ဖြစ်ပွားကာ ငါးဦးသေဆုံး၍ ၈၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ၂၀၁၃ ခုနှစ် မတ်လတွင် ယာဉ်တိုက်မှု ၁၄ ကြိမ်သာဖြစ်ပွား၍ ယာဉ်တိမ်းမှောက်မှု သုံးကြိမ်ဖြစ်ပွားပြီး သေဆုံးသူခြောက်ဦး၊ ဒဏ်ရာရရှိသူ ၇၂ ဦး ရှိခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

၂၀၁၃ ခုနှစ် မတ်လတွင် ဖြစ်ပွားသော ယာဉ်တိုက်မှု ၁၄ ကြိမ်တွင် မထသ(မြို့တွင်း)အောက်ရှိ ယာဉ်လိုင်းများမှ ငါးကြိမ်၊ သန်မြန်သူအောက်ရှိ ယာဉ်လိုင်းများမှ တစ်ကြိမ်၊ အရှေ့ပိုင်းခရိုင်(မထသ) အောက်ရှိ ယာဉ်လိုင်းများမှ နှစ်ကြိမ်၊ အနောက်ပိုင်းခရိုင်(မထသ)အောက်ရှိ ယာဉ်လိုင်းများမှ သုံးကြိမ်၊ မြောက်ပိုင်းခရိုင်(မထသ)အောက်ရှိ ယာဉ်လိုင်းများမှ သုံးကြိမ် စသဖြင့် ပါဝင်ဖြစ်ပွားခဲ့ပြီး ယာဉ်တိမ်းမှောက်မှု သုံးကြိမ်သည် သန်မြန်သူယာဉ်လိုင်း၊ အနောက်ပိုင်းခရိုင် (မထသ)၊ တောင်ပိုင်းခရိုင် (မထသ)အောက်ရှိ ယာဉ်လိုင်းများမှ တစ်ကြိမ်စီ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထက်ခိုင်(စမ်းချောင်း)

ပြည်တွင်းရေးရာ

အနေးယာဉ်များကြောင့် ယာဉ်ကြောပိတ်ဆို့

ရန်ကုန် မေ ၄

ရန်ကုန် တောင်ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ်အတွင်း စီးနင်းပြေးဆွဲသွားလာနေသော အနေးယာဉ်များအနက် အချို့သော အနေးယာဉ်များသည် လမ်းဆုံလမ်းခွများတွင် ဂိတ်ထိုးရပ်နားခြင်း၊ အနေးယာဉ်မဝင်ရ နယ်မြေအတွင်း ဝင်ရောက်စီးနင်းပြေးဆွဲခြင်းတို့ကြောင့် ယာဉ်ကြောပိတ်ဆို့ခြင်း၊ ယာဉ်အန္တရာယ်ဖြစ်ပေါ်ခြင်းတို့ရှိနေသဖြင့် မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးက ကြီးကြပ်၍ စည်ပင်ရုံးဝန်ထမ်းများ၊ လုံခြုံစည်းကမ်း ရဲတပ်ဖွဲ့ဝင်များ၊ အနေးယာဉ် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေအတွင်း စည်းကမ်းမဲ့ အနေးယာဉ်များအား ရှောင်တခင် စည်းကမ်းထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

“စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းက သုံးမျိုးရှိတယ်။ ပထမ ပညာပေးတယ်၊ ဒုတိယအကြိမ်မှာ တရားစွဲဆိုဒဏ်ရိုက်မယ်၊ တတိယအမျိုးအစားကတော့ လိုင်စင်မဲ့အနေးယာဉ်တွေကို တွေ့ရှိသိမ်းဆည်းပြီး အနေးယာဉ်မှတ်ပုံတင်ဌာနကို အကြောင်းကြားအပ်နှံလိုက်ပါတယ်” ဟု စည်းကမ်းထိန်းသိမ်းရေးအဖွဲ့တွင် ပါဝင်သူတစ်ဦးက ပြောသည်။

ယင်းမြို့နယ်၌ အနေးယာဉ်စည်းကမ်း ထိန်းသိမ်းခြင်းလုပ်ငန်းကို မတ် ၁ ရက်မှ ၂၈ ရက်အထိ ဆောင်ရွက်ခဲ့ရာ လူစီးဆိုက်ကား ၅၆၂ စီး၊ ကုန်တင်ဆိုက်ကား ၁၀ စီး၊ လက်တွန်းလှည်းသုံးစီး စုစုပေါင်း အနေးယာဉ် ၅၇၆ စီးတို့ကို စစ်ဆေးဆောင်ရွက်ခဲ့ပြီး လူစီးဆိုက်ကားအစီး ၂၀ ကို ပညာပေးခြင်း၊ ၁၀ စီးကို တရားစွဲခြင်း၊ ၂၂ စီးကို လိုင်စင်မဲ့အဖြစ် သိမ်းဆည်းခဲ့သည်။ အလားတူ ကုန်တင်ဆိုက်ကား ၁၁ စီးနှင့် လက်တွန်းလှည်း သုံးစီးတို့ကို ပညာပေးခဲ့ကြောင်း သိရသည်။ **(မောင်သုည)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဓာတ်အားစနစ်ကောင်းမွန်စေရေးအတွက် အဆင့်မမီကွန်ကရစ်တိုင်များအား ကိုးမီတာကွန်ကရစ်တိုင်ဖြင့် အစားထိုးလဲလှယ်နေမှုကို မတ် ၃၁ ရက်က တွေ့ရစဉ်။

(ကျိုင်းတုံ - ကိုယ်ပွား)

မေ ၂ ရက် ညနေ ၆ နာရီခန့်က ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ဘုရင့်နောင်တံတားအနီး (လှိုင်သာယာဘက်ခြမ်း)၌ ခေါင်မိုးပေါ်တွင် ခရီးသည်များတင်ဆောင်လာသည့် အန္တရာယ်ဖြစ်ဖွယ်ယာဉ်တစ်စီးကို တွေ့ရစဉ်။ (၆၈၀)

ကသာမြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူရေး ကွင်းဆင်းဆောင်ရွက်

ကသာ မေ ၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်အတွင်းရှိ လူဦးရေနှင့်အိမ်ခြေစာရင်းအတိအကျ သိရှိနိုင်ရန်အတွက် ကွင်းဆင်း မြေပုံတိုင်းတာသတ်မှတ်ခြင်းကို ရပ်ကွက်/ကျေးရွာရှိ သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးများနှင့် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ပြည်လုံးကျွတ် သန်းခေါင်စာရင်းကို ၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ တစ်နိုင်ငံလုံး အတိုင်းအတာနှင့် defeto နည်းစနစ်အသုံးပြုကောက်ခံသွားမည်ဖြစ်ပြီး ၂၀၁၅ နှစ်ဦးပိုင်းတွင် အပြီးသတ်အစီရင်ခံစာ ထုတ်ပြန်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ကသာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဆွေ၏ ပြောပြချက်အရ သိရသည်။

(ကျော်သီဟ-အင်းတော်)

မြန်မာ့ဆန်ချောများ ပြည်ပမှမှာယူ တန်ချိန်အလိုက်တင်ပို့နိုင်ရန် ပြင်ဆင်ထားသင့်

ရန်ကုန် မေ ၄

မြန်မာ့ဆန်များကို ဂျပန်နိုင်ငံမှစတင်ဝယ်ယူနေပြီဖြစ်ရာ တင်ပို့မှုကို မေလဆန်းပိုင်းတွင် စတင်တင်ပို့ရမည်ဖြစ်ပြီး တင်ပို့ရမည့်ဆန်အရည်အသွေးပိုင်းဆိုင်ရာ ပြည့်ဝမှုများ၊ ဆန်အတွင်းဓာတုအကြွင်းအကျန်များ ပါဝင်မှုရှိ၊ မရှိစသည်တို့ကို စစ်ဆေးပြုလုပ်ပြီးမှသာလျှင် မြန်မာနိုင်ငံဘက်မှ ဂျပန်နိုင်ငံသို့ တင်ပို့ရန်စည်းကမ်းချက်များ သတ်မှတ်ထားကြောင်းသိရသည်။ ဂျပန်မှဝယ်ယူသည့် ဆန်အမျိုးအစားမှာ ဧည့်မထ ဆန်အမျိုးအစား ဖြစ်ပြီး စုစုပေါင်းတန်ချိန် ၅၀၀၀၊ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၀ နှုန်းဖြင့်ဝယ်ယူမည်ဖြစ်ပြီး ဂျပန်နိုင်ငံ မစ်ဆုအီကော်ပိုရေးရှင်းမှ ဈေးကောင်းပေးကာ ဝယ်ယူခြင်းဖြစ်ပြီး ဂျပန်ကလျူဒါန်းရန်အတွက် ဖြစ်ကြောင်း သိရသည်။ မြန်မာတစ်နိုင်ငံလုံးတွင် လက်ရှိအချိန်အထိ ဆန်ချော(ပေါ်ဆန်း)ကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအတွင်း၌သာ အဓိကထားစိုက်ပျိုးနေပြီး စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လယ်သမားများ၏ဝင်ငွေမှာ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လယ်သမားများ၏ဝင်ငွေထက် ကောင်းမွန်ကြောင်း သိရသည်။ လက်ရှိ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်ကာလအတွင်း ပြည်ပသို့ဆန်တန်ချိန် ၁ ဒသမ ၆ သန်းကျော် တင်ပို့ထားပြီးဖြစ်ကြောင်း၊ ထိုကဲ့သို့ ပြည်တွင်းဆန်များကို နိုင်ငံခြားတိုင်းပြည်များသို့ အလုံးအရင်း တင်ပို့ရောင်းချခွင့်ပေးသည့်အတွက် ဘက်ပေါင်းစုံမှ ဝေဖန်မှုများကို ခံနေရကြောင်း၊ ထိုကဲ့သို့ ဝေဖန်မှုများရှိသော်လည်း ဆန်တင်ပို့ရောင်းချခွင့်များကို စီးပွား/ကူးသန်းဝန်ကြီးဌာနအနေဖြင့် ပိတ်ပင်ထားမြစ်ရန်မရှိကြောင်း သိရသည်။ မြန်မာနိုင်ငံအနေဖြင့် လက်ရှိတွင် စီးပွားရေးအခွင့်အလမ်းများ ပွင့်လင်းလာပြီ ဖြစ်သည့်အတွက် နိုင်ငံခြားတိုင်းပြည်များမှ မြန်မာ့ဆန်ချောများအား မှာယူပါက မှာယူသည့်တန်ချိန်အလိုက် ရောင်းချနိုင်ရန် ပြင်ဆင်ထားသင့်ကြောင်း သိရသည်။

မျိုးဝင်းထွန်း (မုံရွာ)

မထသ ၅၇ ယာဉ်လိုင်း လမ်းကြောင်းနှစ်ခုဖြင့် ပြေးဆွဲ

ရန်ကုန် မေ ၄

ရန်ကုန်မြို့ ယုဇနဥယျာဉ်မြို့တော်(ဂိတ်ရင်း)မှ သခင်မြပန်းခြံ(ဂိတ်ဖျား)အထိ ပြေးဆွဲပေးနေသော မထသ ၅၇ ယာဉ်ကြီးလိုင်းတွင် ဧပြီ ၁ ရက်မှ စတင်၍ လမ်းကြောင်းနှစ်ခုခွဲကာ ပြေးဆွဲပေးနေပြီဖြစ်ကြောင်း သိရသည်။

“ခရီးသည်တွေ သွားလာမှုအဆင်ပြေချောမွေ့စေဖို့အတွက် အခုလို လမ်းကြောင်းခွဲပြီးတော့ ပြေးဆွဲပေးတာပဲ ဖြစ်ပါတယ်”ဟု မထသ(ဗဟို)မှ တာဝန်ရှိသူတစ်ဦးက မေ ၃ ရက်တွင် ပြောသည်။

ခရီးစဉ်လမ်းကြောင်း (၁)အဖြစ် ယာဉ်စီးရေ ၁၃ စီးဖြင့် ယုဇနဥယျာဉ်မြို့တော်(ဂိတ်ရင်း)မှ ပဲခူးမြစ်လမ်း- ဧရာဝဏ်လမ်း- သာကေတအဝိုင်း- မင်းနန္ဒာလမ်း- မဟာဗန္ဓုလတံတားဖြတ်ပြီး ဗိုလ်တထောင်ဘုရားလမ်း- အနော်ရထာလမ်း- ကမ်းနားလမ်း- သခင်မြပန်းခြံ (ဂိတ်ဖျား)အထိလည်းကောင်း၊ အပြန်တွင် ကမ်းနားလမ်းမှ မဟာဗန္ဓုလတံတားဖြတ်ကာ လာရာလမ်းအတိုင်း ပြေးဆွဲပေးခြင်းဖြစ်သည်။ ခရီးစဉ်တစ်လျှောက် အပိုင်းခြောက်ပိုင်းဖြတ်၍ တစ်ပိုင်းလျှင် ငွေကျပ် ၅၀ နှုန်း၊ ဂိတ်စ-ဂိတ်ဆုံးကို ငွေကျပ် ၂၀၀ နှုန်းဖြင့် ပြေးဆွဲပေးလျက်ရှိသည်။

ခရီးစဉ်လမ်းကြောင်း (၂)တွင် ယာဉ်စီးရေ ၁၂ စီးဖြင့် ယုဇနဥယျာဉ်မြို့တော်(ဂိတ်ရင်း)မှ ပဲခူးမြစ်လမ်း- ဧရာဝဏ်လမ်း- ရတနာလမ်း- ရွှင်းသာမြို့ပတ်လမ်း- မြင်တော်သာလမ်း- ယမုံနာလမ်း- မဟာဗန္ဓုလတံတားဖြတ်ကာ ဗိုလ်တထောင်ဘုရားလမ်း- ကုန်သည်လမ်း- ကမ်းနားလမ်း- သခင်မြပန်းခြံ (ဂိတ်ဖျား)အထိလည်းကောင်း၊ အပြန်ခရီးတွင် ကမ်းနားလမ်းမှ မဟာဗန္ဓုလတံတားဖြတ်ကာ လာရာလမ်းအတိုင်း ပြေးဆွဲပေးပြီး ခရီးစဉ်တစ်လျှောက် တစ်ပိုင်းလျှင် ငွေကျပ် ၅၀ နှုန်းဖြင့် အပိုင်းခြောက်ပိုင်းဖြတ်ကာ ဂိတ်စ-ဂိတ်ဆုံး ငွေကျပ် ၂၀၀ နှုန်း သတ်မှတ် ပြေးဆွဲပေးလျက်ရှိသည်။ ထိုယာဉ်လိုင်းသည် စတင်ပြေးဆွဲစဉ်က ယုဇနဥယျာဉ်မြို့တော်မှ စော်ဘွားကြီးကုန်းအထိ သတ်မှတ်ပြေးဆွဲခဲ့သော်လည်း ယခုအခါတွင် သခင်မြပန်းခြံအထိသာ လမ်းကြောင်းနှစ်ခုခွဲ၍ ပြေးဆွဲပေးခြင်းဖြစ်ကြောင်း သိရသည်။ **(ထက်ခိုင်- စမ်းချောင်း)**

MRS Computer & Network ဈေးရောင်းပွဲ 6 April 2013
ပေါ်ပါးပြီးစက္ကန့်ပိုင်းအတွင်း Internet နှင့်အခြားလုပ်ငန်းများကိုလျှင်မြန်လွယ်ကူစွာလုပ်ဆောင်ပေးနိုင်သော S 400 ဝယ်ယူသူများအတွက် External DVD Writer 25000
Desktop PC
Intel Dual Core 2.9GHz (1155)
GA H61M-DS2 M/B
2GB DDR3 RAM ,500GB HDD
P4 Casing, K/B & Mouse
199,000
IdeaPad S400 NoteBook
Intel Pentium 997 (1.7) GHz/1333 MHz)
2 GB DDR3, 320GB SATA HDD
Intel HD Graphic 3000, 14"
349,000
အမှတ်(၄၇-၅၃)၊ ဘိုကလေးဈေးလမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

EMPEROR Travels
ကျိုက်ထီးရိုး/ ချောင်းသာ
တောင်ကြီး၊ အင်းလေး၊ ထမ်စမ်း၊ အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မုံရွာ၊ ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ
ဝင်းလုံးငှား အထူးနှုန်း
01-202628, 09-5075168

ဇေယျာရဲနိုင် Air-con Express ဘုရားဖူးခရီးသွားပို့ဆောင်ရေး
09-73056682
09-421089338
09-420125216
01-400921

ရွှေကြေးစည် - သင်္ကြန်ခရီးစဉ်များ
☎240860/372290 09-49282825

ASIA KING 01-387973, 09-43114301, 09-420115717
သင်္ကြန်ခရီးစဉ်များ ကြိုတင်ရောင်းပြီ April 5,11,12,13,17

‘သစ္စာ’ ကားအငှားဝန်ဆောင်မှု ကားမျိုးစုံငှားရမ်းပါသည်။ ခရီးစဉ် လနှစ်ချုပ်၊ အချိန်ပိုင်း၊ ယုံကြည်စိတ်ချမ်းသာမှုရစေမည်။ ကျွမ်းကျင်ယာဉ်မောင်းများလည်း ရရှိနိုင်ပါသည်။ ယာဉ်မောင်းများ၊ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။ ဖုန်း-၀၉-၅၀၀၃၉၃၀၊ ၀၉-၄၄၈၅၃၅၅၁၇

အဆင့်မြင့်ခရီးစဉ်များ
The Best of "Car . Hotel. Restaurant"
တောင်ကြီးသင်္ကြန် ၊ အင်းလေး၊ ပင်းတယ၊ ထမ်စမ်း၊ ငွေတော်ကဏ္ဍူ။
မူဆယ်၊ ရွှေလီသင်္ကြန် ၊ မန္တလေး၊ ပြင်ဦးလွင်၊ သီပေါ၊ လားရှိုး။
ခရီးစဉ်များအား... Business Class (အထူးကား), 2 Plus 1
2012 ခုနှစ်ထုတ် ကားသစ်ကြီးများဖြင့် ပို့ဆောင်ပေးပါမည်။
249871, 255553, 389611, 09-5137245

ကောင်းကင်သစ် 09-73207416, 09-43098308
သင်္ကြန်ခရီးစဉ်များ ကြိုတင်လက်မှတ်ရောင်းပြီ
Mar 29 Apr 5, 11, 12, 13,17

ချစ်ပိုင်သန္တာ အဆင့်မြင့်ခရီးသွားပို့ဆောင်ရေး
ကျိုက်ထီးရိုး (နေ့စဉ်) ချောင်းသာ (နေ့စဉ်)
မန်းရွှေစက်တော် နှင့် လမ်းဘုရားစုံ (၃)ရက်ခရီး
သင်္ကြန်တွင်းခရီးစဉ်များအတွက် ကြိုတင်လက်မှတ်များ ရောင်းချပေးနေပါပြီ
0973198239, 0943033237, 0973163538

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းလက်အောက်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ ဆောက်လုပ်ရေးပစ္စည်းများအားသယ်ယူရန် သယ်ယူပို့ဆောင်ရေးတင်ဒါခေါ်ယူလိုပါသည်။
၂။ တင်ဒါပုံစံရောင်းချမည့်ရက်-၈-၄-၂၀၁၃
၃။ တင်ဒါပိတ်မည့်ရက်-၂၄-၄-၂၀၁၃
၄။ တင်ဒါဖွင့်မည့်ရက်နှင့်အချိန်-၂၅-၄-၂၀၁၃ရက် နံနက်(၁၀း၀၀)နာရီ
၅။ တင်ဒါပုံစံကြေးတစ်စောင်လျှင် ကျပ်၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)ဖြင့် အင်ဂျင်နီယာမှူးကြီး(ပစ္စည်း)၊ ပစ္စည်းဦးစီး၊ နေပြည်တော်တွင် ဝယ်ယူနိုင်ပါသည်။
၆။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ပစ္စည်းဦးစီး၊ ရုံးအမှတ်(၄၀)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၇၅၈၁၊ ၀၆၇-၄၀၇၅၇၇
ပစ္စည်းများသယ်ယူပို့ဆောင်ရေးဆပ်ကော်မတီ

အနုပညာ

ပညာရေးချို့တဲ့သောဒေသများရှိ အမျိုးသမီးများအတွက် တေးသံရှင် မက်ဒေါနားက သူမ၏ ပန်းချီကားအား လေလံတင်ရောင်းချ

ပြင်သစ်နိုင်ငံ၏ စိတ်ကူးယဉ်ပန်းချီအဖွဲ့တစ်ဖွဲ့၏ အဖွဲ့ဝင်တစ်ဦးဖြစ်သူ နာမည်ကျော်အဆိုတော် မက်ဒေါနားက အနှစ်(၂၀)ကျော်ကြာ သူမပိုင်ဆိုင်ထားခဲ့သော စိတ်ကူးယဉ်ပန်းချီကားတစ်ချပ်ကို လေလံတင်ရောင်းချပြီး အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်၌ ပညာရေးချို့တဲ့သောဒေသများရှိ အမျိုးသမီးများ၏ ပညာရေးကဏ္ဍအတွက် ထောက်ပံ့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

တေးသံရှင် မက်ဒေါနားသည် ၁၉၉၀ ပြည့်နှစ်က ပြင်သစ်ပန်းချီပညာရှင် ဖာနန်လီဂါ၏ Three Woman at the Red Table အမည်ရှိပန်းချီကားကို Sotheby လေလံကုမ္ပဏီ၏ လေလံပွဲမှတစ်ဆင့် ဝယ်ယူခဲ့ပြီး ယခုအခါ မေ ၇ ရက်တွင် ယင်းလေလံကုမ္ပဏီဖြင့်ပင် အဆိုပါပန်းချီကားကို လေလံတင် ရောင်းချသွားမည်ဖြစ်ကြောင်း၊ ယင်းလေလံပွဲမှ ရရှိလာမည့် အကျိုးအမြတ်များအား Ray of light ပရဟိတဖောင်ဒေးရှင်းသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါပန်းချီကားရောင်းချရငွေကို အမေရိကန် ဒေါ်လာ ၅ သန်း မှ ၇ သန်းအထိ ရရှိလိမ့်မည်ဟု မျှော်မှန်းထားကြောင်း သိရသည်။

ဆက်လက်၍ "ယခုကဲ့သို့ ပန်းချီကားရောင်းချရခြင်းမှာ အဖိုးအနဂ္ဃ ထိုက်တန်တဲ့အရာအချို့အတွက် အဖိုးတန်ပစ္စည်းအချို့ကို အရောင်းအဝယ်ပြုလုပ်ခြင်းပဲ ဖြစ်ပါတယ်" ဟု မက်ဒေါနားက ပြောကြားခဲ့သည်။

ပန်းချီပညာရှင် လီဂါသည် အဆိုပါပန်းချီကားကို ၁၉၂၁ ခုနှစ်က စတင်ပုံဖော်ရေးသားခဲ့ခြင်းဖြစ်ပြီး ယင်းပန်းချီကားမှာ သက်ဝင်လှုပ်ရှားနေသည့် အမျိုးသမီးတစ်ဦး၏ပုံကို ပုံဖော်ရေးဆွဲထားသည့် ပန်းချီကားတစ်ချပ်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင်ဘဝကိုအေးဆေးစွာဖြတ်သန်းနေသည့် တရုတ်မင်းသားဂျက်လီ

နာမည်ကျော် အာရှအက်ရှင်မင်းသားများ ဖြစ်ကြသည့် ဂျက်ကီချန်းနှင့် ဟောင်ကောင်မင်းသား Chow Yun Fat တို့က ရုပ်ရှင်ရိုက်ကူးရေးလုပ်ငန်းများဖြင့် အလုပ်များနေချိန်တွင် နာမည်ကျော်သရုပ်ဆောင်တစ်ဦးဖြစ်သည့် မင်းသား ဂျက်လီက ဘဝကို သက်သောင့်သက်သာ ဖြတ်သန်းခြင်းဖြင့်သာ အချိန်များကို ကုန်လွန်စေလျက်ရှိသည်။

မင်းသား ဂျက်လီသည် ရှန်ဟိုင်းမြို့ Oriental Art Center ၌ ပြုလုပ်သည့် Snail Games ပြိုင်ပွဲ၌ မကြာသေးမီက မြင်တွေ့ခဲ့ရပြီးနောက် အနုပညာလောကမှ ခေတ္တခဏ ပျောက်ကွယ်နေခဲ့သည်။ ထို့ပြင် ၎င်း၏နောက်ဆုံးရိုက်ကူးထားသောဇာတ်ကားဖြစ်သည့် Badges of Fury ဇာတ်ကားကို ဇွန်လအတွင်း ဖြန့်ချိပြသမည်ဖြစ်ပြီး ယင်းအပြင် နောက်ထပ်ဇာတ်ကားများ ရိုက်ကူးရေးအစီအစဉ်များမရှိပါကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ဂျက်လီက "အချိန်တွေက ပြောင်းလဲနေတာပါ။ အရင်တုန်းက ကျွန်တော်တို့က ဟောလီဝုဒ်ကိုသွားချင်တယ်။ အခု ဟောလီဝုဒ်က ကျွန်တော်တို့ဆီကိုလာနေတယ်၊ တရုတ်ရုပ်ရှင်လောကထဲမှာ ဟောလီဝုဒ်လောကအတွက် စိတ်ဝင်စားစရာတွေ အများကြီးရှိနေပါတယ်။ ဒါကြောင့် ကျွန်တော်ပြောရပါတယ်။ နောင်ဆယ်နှစ်လောက်ဆိုရင် ကျွန်တော်တို့ ဟောလီဝုဒ်ကို ကျော်တက်သွားနိုင်မှာပါ" ဟု ဆိုသည်။

ဆက်လက်ပြီး သရုပ်ဆောင် ဂျက်လီက ၎င်းပါဝင်ရိုက်ကူးခဲ့သည့် Lost In Thailand ဇာတ်ကားနှင့် Journey To The West ဇာတ်ကားများသည် ရုံဝင်ငွေ တစ်ဘီလီယံကျော် ရရှိခဲ့သည့်အတွက် ဂုဏ်ယူပါကြောင်း၊ ရိုက်ကူးရန် ငြင်းပယ်ခဲ့သည့် ရုပ်ရှင်ဇာတ်ကား သုံးကားရှိပြီဖြစ်ကြောင်းနှင့် မကြာမီတွင် ဇာတ်ကားများဆက်လက်ရိုက်ကူးသွားဦးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပြုံးဝဏ္ဏာမြင့် စုစည်းသည်

ပြုံးပြုံးပျော်ပျော်ထော်လော်ကန့်လန့်ဇာတ်ကား ရုံတင်

မာမီစင်ဒီနှင့် သမီးဒေဝီတို့မှာ အမေတစ်ခု သမီးတစ်ခုဖြစ်ပြီး စင်ဒီ၏ဖခင် သူဌေးကြီးမရှိသည့်နောက်ပိုင်း ဖခင်ကြီးပိုင်ဆိုင်သော ဘန်ဂလိုများအား စီမံအုပ်ချုပ်ရန် ကမ်းခြေရွာကလေးသို့ စင်ဒီတို့သားအမိ အပြီးပြောင်းရွှေ့လာခဲ့ခြင်းဖြစ်သည်။ အရွယ် ရောက်နေပြီဖြစ်သော သမီးဒေဝီမှာ ဝေယံဆိုသော ချစ်သူ သူဌေးသားတစ်ယောက်ရှိသည်။ ဝေယံ၏မိဘများက ဖခင်မဲ့မွေးဖွားကြီးပြင်းလာသော ဒေဝီကို သားဖြစ်သူနှင့်လက်ထပ်ပေးရမှာကို သဘောမကျဖြစ်နေသည်။ ဒေဝီက မာမီစင်ဒီကို အဖေဘယ်သူလဲဟုဆိုသည့် အမေးစကားကို ကြိမ်ဖန်များစွာ မိခင်ကိုမေး တော့လည်း မရ၊ ဒီမေးခွန်းကို ဘယ်တော့မှ ထပ်မမေးနဲ့ဟု အပြတ်ပြောသောအခါ ဒေဝီစိတ်မကောင်းဖြစ်ခဲ့ရပြီး ဖခင်ကို ရှာဖွေရန် ဒေဝီဆုံးဖြတ်ချက်တစ်ခုချလိုက်သည်။

ဝေယံနှင့်ဒေဝီအား ရအောင်ပေးစားမည်ဟု ကတိပေးခဲ့သောလူပျိုကြီး သုံးယောက်မှာ ဘာလုပ်ရမှန်းမသိဘဲ အခက်ကြုံနေရပုံကို ဒါရိုက်တာဇမ္ဗူထွန်းသက်လွင်က ရိုက်ကူးပြီး သရုပ်ဆောင်ရဲအောင်၊ ဟိန်းဝေယံ၊ နေမျိုး အောင်၊ အေးမြတ်သူ၊ မေသန်းနု၊ ထွန်းအိန္ဒြာဗိုလ်နှင့် မေသဉ္ဇာဦးတို့ ပါဝင်သရုပ်ဆောင်ထားသော **"ပြုံးပြုံးပျော်ပျော်ထော်လော်ကန့်လန့်"** ဇာတ်ကားကို ရန်ကုန်မြို့ရှိ သမ္မတ၊ သွင်၊ မင်္ဂလာ(၁)နှင့် Top Royal တို့တွင် လည်းကောင်း၊ မန္တလေးမြို့ ဝင်းလိုက်နှင့် မြို့မရုံတို့တွင် ယခုအပတ် သောကြာနေ့ တွင် ရုံတင်ပြသမည် ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

စိုးယေ

ဂျက်စတင်ဘီဘာ၏ဖျော်ဖြေပွဲနှင့် တိုက်ဆိုင်နေသဖြင့် နော်ဝေနိုင်ငံမှ ကျောင်းငါးကျောင်း စာမေးပွဲဖြေဆိုမည့် ရက်ပြောင်းလဲ

ကနေဒါ ပေါ့ပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာ၏ နော်ဝေနိုင်ငံ မြို့တော်အော့စလို၌ ကျင်းပမည့် ဂီတဖျော်ဖြေပွဲသို့ ကျောင်းသား ကျောင်းသူများအား တက်ရောက်အားပေးနိုင်ရန်အတွက် နော်ဝေ နိုင်ငံ၏ အနောက်ဘက်ဒေသရှိကျောင်းငါးကျောင်း၏ နှစ်ဝက်စာမေးပွဲဖြေဆိုမည့်ရက်ကို ပြောင်းရွှေ့ပေးမည်ဖြစ်ကြောင်း နော်ဝေပညာရေးနှင့် သုတေသနဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

တေးသံရှင် ဂျက်စတင်ဘီဘာသည် မေ ၁၆ ရက်နှင့် ၁၇ ရက်များတွင် နော်ဝေနိုင်ငံ အော့စလိုမြို့၌ ဂီတဖျော်ဖြေပွဲကျင်းပမည်ဖြစ်ပြီး ကျောင်းနှင့်ဝေးလံသောဒေသများ၌ နေထိုင်ကြသော ကျောင်းသား ကျောင်းသူများအနေဖြင့် စာမေးပွဲဖြေဆိုမှုအား အနှောင့်အယှက်ဖြစ်မည်စိုးသဖြင့် ယင်းကဲ့သို့ စီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါကျောင်းငါးကျောင်းမှာ အော့စလိုမြို့၏ အနောက်မြောက်ဘက် မိုင် ၂၃၀ အကွာရှိ Alesund ဒေသမှ ကျောင်းများဖြစ်ပြီး ဂျက်စတင်ဘီဘာ၏ ဂီတဖျော်ဖြေပွဲသို့ သွားရောက်အားပေးလိုသည့် ကျောင်းသား ကျောင်းသူများအတွက် စာမေးပွဲဖြေဆိုမည့်ရက်ကို ပြန်လည်သတ်မှတ်ပေးမည်ဖြစ်ကြောင်း သိရသည်။ နော်ဝေနိုင်ငံ၏ ပညာရေးနှင့်သုတေသနဝန်ကြီး Kristin Halvorsen က ယင်းကဲ့သို့ ကျောင်းများ၏နှစ်ဝက်စာမေးပွဲအချိန် ပြောင်းရွှေ့ကျင်းပခြင်းအား ဝန်ကြီးဌာနအနေဖြင့် တစ်စုံတစ်ရာကန့်ကွက်မှုမျိုး ပြုလုပ်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ကိုဝင်းနိုင် ဦးဆောင်သော **ရွှေဥဒေါင်းမင်း** 09421152677, 09421122687
ခရီးသွားလုပ်ငန်း(ခုံးတော်ဘုရားအဆင်း)
သကြၤန်ခရီးစဉ်များကြိုတင်လက်မှတ်ရောင်းပြီ
❖ မန်းရွှေစက်တော်နှင့် မုံရွာ၊ စစ်ကိုင်း၊ အလောင်းတော်ကဿပ (၅)ရက်။ Apr12
❖ မန်းရွှေစက်တော်နှင့် ပုပ္ပါး၊ ပုဂံ (၅)ရက်။ ဆက်၍-အလောင်းတော်ကဿပ (၇)ရက်။
❖ မန္တလေးသင်္ကြန်နှင့် မုံရွာ၊ စစ်ကိုင်း၊ ပြင်ဦးလွင်၊ အလောင်းတော်ကဿပ (၆)ရက်။
❖ တောင်ကြီးသင်္ကြန်နှင့် အင်းလေး၊ ပင်းတယ၊ ကံ့လုံ၊ ထမ့်စမ်း၊ မွေတော်ကက္ကူ (၅)ရက်။
❖ မန်းရွှေစက်တော်၊ မုံရွာ၊ စစ်ကိုင်း၊ မန္တလေး၊ ပြင်ဦးလွင်၊ တောင်ကြီး၊ အင်းလေး (၁၁)ရက်။
❖ မန္တလေးသင်္ကြန် နှင့် ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ်၊ တရုတ်ပြည်-ရွှေလီ (၇)ရက်။

စန်းသော်တာ သင်္ကြန်ခရီးစဉ်
တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်-မယ်ဆိုင်သင်္ကြန် (၁၀) ရက် Apr-12 HOTEL PACKAGE
ထားဝယ်၊ ရှင်ကိုးရှင်-မောင်းမကန်ကမ်းခြေ-ဖော်လပြိုင်-ကျိုက္ကမီ (၆) ရက် Apr-12
ရွှေစက်တော်-မကွေး-ကျောင်းတော်ရာ-ပြည် (၄) ရက် Apr-12 GUEST HOUSE PACKAGE
ရွှေစက်တော်-ပုဂံ (စွယ်တော်လေးဆူ)-ပခုက္ကူ (၅) ရက် Apr-12
ရွှေစက်တော်-ပုဂံ-အလောင်းတော်ကဿပ-မုံရွာ (၆) ရက် Apr-12
တောင်ကြီး သင်္ကြန်-အင်းလေး-ကက္ကူ-ထန့်စမ်း (၅) ရက် Apr-12,17
မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း-မုံရွာ-အလောင်းတော်ကဿပ (၅) ရက် Apr-12
မန္တလေး-ပြင်ဦးလွင်-လားရှိုး-မူဆယ်-ရွှေလီ (၇) ရက် Apr-12 09-73159071
တောင်ကြီး-မန္တလေး-ပြင်ဦးလွင် (၆) ရက် Apr-12 09-49330287

သဇင်မင်း
VIP Seat Scania (2+1)
ချောင်းသာ(နေ့စဉ်)
ငွေဆောင်(သောကြာ)
09-73143249,09-73252241

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၄ စီ၂) S. ၇၁၊ မြေကွက်အမှတ်-V ၁၀၁၊ မြေကွက်တည်နေရာအမှတ်-၆၉၊ သုခလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ် (ဦးလှရွှေ JE-၀၀၀၃၂၃)၊ အမည်ပေါက် နှစ်(၉၀)ဂရန်မြေအား အမည်ပေါက် ဦးလှရွှေ ကွယ်လွန်သဖြင့် ဒေါ်လှမြင့်[၁၂/တမန(နိုင်) ၀၆၉၈၆၆]က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရှုခင်းအနုရာယ်ကြိုတင်ကာကွယ်နိုင်ကြပြီးမှုခင်းအသိပညာရရှိစေဖို့
အမှတ်စဉ် (H/1) ယနေ့ထွက်ပြီ
Ph-01-397164, 297297
မှုခင်း ရှထောင့်ဂျာနယ် ဖတ်ကြစို့
❖ ခန္ဓာကိုယ်အနှံ့ဓားဒဏ်ရာများဖြင့်သေဆုံးနေသူ ❖ ခင်ပွန်းကိုဇနီးဖြစ်သူကဓာတ်ဆီလောင်းပြီးမီးရှို့ ❖ ထန်းရည်သောက်ပြီးပြန်လာသူရဲ့ဖြစ်ရပ် ❖ ဘုရားပွဲမှာ စကောဘာနဲ့ထိုးခံရသူရဲ့ဖြစ်ရပ် ❖ ပထွေးဖြစ်သူကို တုတ်ဖြင့်ရိုက်သတ်မှုဖြစ်ပွား ❖ အလုပ်ထွက်ပြီးသားသူက ပစ္စည်းတွေပြန်လာခိုးတဲ့ဖြစ်ရပ် ❖ တစ်ဦးကဓားနဲ့ထိုးပြီး တစ်ဦးက သံပိုက်လုံးနဲ့ရိုက်လို့ သေဆုံး ❖ ရွှေငွေ (၄၆)သိန်းဖိုးပျောက်ဆုံးနေတဲ့ဖြစ်ရပ် ❖ စောင်းမြောင်းပြောဆိုတယ်ဆိုပြီး ဓားနဲ့ခုတ်သတ်မှု သုံးခွတွင်ဖြစ်ပွား ❖ ဘုရင့်နောင်တွင် ပုဆိန်နဲ့ထုလို့ လူသေဆုံးမှုဖြစ်ပွား ❖ ဝါးတုတ်နဲ့ရိုက်ရာမှသေဆုံး ❖ မကျေနပ်လို့ဓားနဲ့ခုတ်ရာမှသေဆုံး ❖ ရွှေပြည်သာတွင် အရက်တစ်ခွက်ကြောင့် လူသတ်မှုဖြစ် ❖ အရက်လည်းတိုက်ရ ဓားထိုးလည်းခံရတဲ့ဖြစ်ရပ်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်၊ ဟောင်လိတ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၃)၊ လွန်းကျိုင်းကွင်းအတွင်းရှိ မြေဧရိယာ (၁) ဧကရှိ မြေနေရာအား ဒေါ်ကျောက်ဆန်းတု [၁၃/လရန(နိုင်)၁၁၃၅၃၄၂]မှ ကုန်ပစ္စည်းသိုလှောင်ရုံအဖြစ် အသုံးပြုရန်အတွက်(၃၀-ခ) ရရှိရေးလျှောက်ထားမှုနှင့်ပတ်သက်၍ မြေပိုင်ဆိုင်မှုအရပ်ရပ်အတွက် ကန့်ကွက်လိုသူများရှိပါက ယနေ့ကြော်ငြာသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားအပြည့်အစုံဖြင့် သက်ဆိုင်ရာရုံး/ဌာနအသီးအသီးတို့တွင် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မည့် သူများမရှိပါက ဒေါ်ကျောက်ဆန်းတုအမည်ဖြင့် ကုန်ပစ္စည်းသိုလှောင်ရုံမြေအဖြစ် ဆောင်ရွက်ခွင့်ရရှိရေး (၃၀-ခ)အား ဆက်လက်လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့် ပထမအကျော့ ရီးယဲလ်မက်ဒရစ် ဂါလာတာစာရေးကို သုံးဂိုးပြတ်ဖြင့်နိုင်

ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့် ပထမအကျော့ ပွဲစဉ်များကို ဧပြီ ၄ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့ရာ စပိန်ကလပ်မာလာဂါအသင်းနှင့် ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းတို့၏ ပွဲစဉ်တွင် ဂိုးမရှိသရေဖြင့် ပွဲပြီးဆုံးခဲ့ပြီး စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းနှင့် တူရကီကလပ်ဂါလာတာစာရေးအသင်းတို့၏ ပွဲစဉ်တွင်မူ အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားရသော ရီးယဲလ်မက်ဒရစ်အသင်းက ဂါလာတာစာရေးအသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဂါလာတာစာရေးအသင်းတို့၏ ပွဲစဉ်တွင် နှစ်သင်းစလုံးသည် ဝါရင့်ကစားသမားများအားလုံးကို ထုတ်သုံးကာ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ကို ကျော်ဖြတ်၍ ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ရေး အပြိုင်ကြိုးပမ်းခဲ့ကြသည်။

ယင်းပွဲစဉ်တွင် နည်းပြစပယ်ရှယ်ဝမ်းမော်ရင်ဟို၏ ရီးယဲလ်မက်ဒရစ်အသင်းသည် ဘင်ဇီမာ၊ အလွန်ဆို၊ ခီဒီရာ၊ စီရိုနယ်လ်ဒို၊ အိုဇေးလ်၊ ဒီမာရီရာ၊ မိုက်ကယ်အက်စီယန်၊ ရာမို့စ် စသည့် ကစားသမားများကို ၄-၂-၃-၁ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ပြီး ဂါလာတာစာရေးအသင်းမှာမူ ဒရော့ဘာ၊ ရှနိုက်ဒါ၊ အယ်လ်တင်တော့၊ မီလို စသည့် ကစားသမားကို ၄-၄-၂ ပုံစံ ပွဲထွက်ကစားစေခဲ့သည်။

နှစ်သင်းစလုံးသည် အပြန်အလှန်တိုက်စစ်ဆင်ကာ ဂိုးပေါက်ခြိမ်းခြောက်မှုများရှိခဲ့သော်လည်း အဆုံးသတ်သေချာစွာ အသုံးချနိုင်ခဲ့သည့် ရီးယဲလ်မက်ဒရစ်ကစားသမားများကသာ ရရှိလာသည့် အခွင့်အရေးများကို ဂိုးအဖြစ်ပြောင်းလဲနိုင်ပြီး ဂိုးသွင်းခွင့်အကြိမ်ရေများစွာ ရရှိခဲ့သည့် ဂါလာတာစာရေး တိုက်စစ်မှူး ဒရော့ဘာမှာမူ ရီးယဲလ်မက်ဒရစ်ဂိုးထဲသို့ ကန်သွင်းသမျှ ဘောလုံးတိုင်း ဂိုးအဖြစ်မရယူနိုင်ခဲ့ဘဲ အခွင့်အရေးများကို ဖြုန်းတီးပစ်သကဲ့သို့ဖြစ်ခဲ့ရသည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် စပိန်လာလီဂါတွင် ဘာစီလိုနာအောက် ၁၃ မှတ်အကွာဖြင့် လိုက်နေရ၍ လာလီဂါ ဖလားချန်ပီယံဘွဲ့ကို ဆက်မခံနိုင်တော့သဖြင့် ချန်ပီယံလိဂ်တွင် အောင်မြင်မှုရရှိရန် အရေးကြီးကြောင်းနှင့် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်အဆင့်သို့ (၂၄)ကြိမ်မြောက်အဖြစ် တက်လှမ်းနိုင်ရေးအတွက် ရည်ရွယ်ထားကြောင်း နည်းပြမော်ရင်ဟိုက ဆိုသည်။

ရီးယဲလ်မက်ဒရစ်နှင့် ဂါလာတာစာရေးတို့၏ ပွဲစဉ်တွင် ချန်ပီယံလိဂ်ဖလားကို ကိုးကြိမ်အထိ ဆွတ်ခူးနိုင်ခဲ့သော ရီးယဲလ်မက်ဒရစ်အသင်းသည် ချန်ပီယံလိဂ်အတွေ့အကြုံရင့်ကျက်သည့် ကစားသမားများနှင့်အတူ ပြိုင်ဘက်ဂါလာတာစာရေးအသင်းကို အကောင်းဆုံးပုံစံဖြင့်ကစားခဲ့ရာ ပထမပိုင်းပွဲစပြီး ကိုးမိနစ်မှာပင် အိုဇေးလ် ပေးပို့သောဘောလုံးကို ပေါ်တူဂီစူပါစတားစီရိုနယ်လ်ဒိုက ဂိုးအဖြစ်ပြောင်းလဲပေးနိုင်ခဲ့သည်။ ထို့နောက် ၂၉ မိနစ်တွင် မိုက်ကယ်အက်စီယန်၏ ဖြတ်တင်ဘောမှတစ်ဆင့် ဘင်ဇီမာက ဒုတိယဦးဆောင်ဂိုးသွင်းယူပေးခဲ့သဖြင့် ပထမပိုင်းပြီးချိန်တွင် အိမ်ရှင်ရီးယဲလ်မက်ဒရစ်က နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိထားခဲ့သည်။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားအားတင်ခဲ့သော်လည်း ဂါလာတာစာရေးအသင်းမှ တိုက်စစ်မှူးများသည် ချေပဂိုးပြန်လည်ရရှိအောင် မစွမ်းဆောင်နိုင်ခဲ့ဘဲ ဒဏ်ရာအနည်းငယ်ရရှိခဲ့သော တိုက်စစ်မှူးဘင်ဇီမာ၏ နေရာတွင် လူစားဝင်လာသည့် တိုက်စစ်မှူး ဟီဂူအင်က ပွဲကစားချိန် ၇၃ မိနစ်တွင် အလွန်ဆို၏ ပြစ်ဒဏ်ဘောကန်တင်ပေးပို့မှုမှတစ်ဆင့် ခေါင်းတိုက်၍ ဂိုးသွင်းယူပေးခဲ့သဖြင့် ရီးယဲလ်မက်ဒရစ်အသင်းက ဂါလာတာစာရေးကို ပထမအကျော့တွင် သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

မာလာဂါအသင်းနှင့် ဒေါ့မွန်အသင်းတို့၏ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပထမအကျော့ပွဲစဉ်တွင် အဝေးကွင်းသို့ လာရောက်ကစားရသော ဒေါ့မွန်အသင်းသည် မက်ဟမ်မဲလ်နှင့် အိုဝန်မိုရီလာတို့ ဒဏ်ရာပြဿနာကြောင့် မပါဝင်နိုင်သော်လည်း လီဝန်ဒိုစကီး၊ မာရီယိုဂေါ့ဇီ၊ မာကိုရစ် စသည့် အသင်းအတွက်အားထားရသည့် ကစားသမားများကို အဓိကပွဲထုတ်ကာ အကောင်းဆုံးရလဒ်ရရှိအောင် ကစားခဲ့သော်လည်း အစ္စကိုနှင့် ဒီမီချီလစ်တို့ ဦးဆောင်လာသည့် အိမ်ရှင်မာလာဂါအသင်းကို ထိန်းချုပ်ကစားနိုင်မှုအားနည်းခဲ့ခြင်းကြောင့် ပွဲကစားချိန် မိနစ် ၉၀ ပြည့်သည်အထိ တစ်ဖက်နှင့် တစ်ဖက် ဂိုးသွင်းယူနိုင်ခဲ့ခြင်းမရှိဘဲ ဂိုးမရှိသရေဖြင့်ပင် ပွဲပြီးဆုံးခဲ့သည်။

နိုင်လင်းကြည်(ကြေးမုံ)

ပီအက်စ်ဂျီသို့ ပြောင်းရွှေ့ကစားရန် ရွန်းနီအား ပီအက်စ်ဂျီတိုက်စစ်မှူးအီဘရာဟီမိုဗစ်ချ်တိုက်တွန်း

ပြင်သစ်ပထမတန်းကလပ်၏ ငွေကြေးပုံအောကာ သုံးစွဲနိုင်စွမ်းရှိသည့် ပီအက်စ်ဂျီအသင်းသည် မန်ယူအသင်းမှ အင်္ဂလန်တိုက်စစ်မှူး ရွန်းနီအား လာမည့်နွေရာသီ အပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် ပြင်ဆင်နေခြင်းကြောင့် ရွန်းနီအား ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ကစားရန် ပီအက်စ်ဂျီအသင်းမှ ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်က တိုက်တွန်းပြောကြားခဲ့သည်။

ထို့အပြင် ပီအက်စ်ဂျီအသင်းပိုင်ရှင်သည် ဥရောပ၏ ထိပ်တန်းအဆင့်ရှိ တိုက်စစ်မှူး ၁၀ ဦးစာရင်းဝင် ရွန်းနီကို စိတ်ဝင်စားလျက်ရှိပြီး ပီအက်စ်ဂျီအသင်းသည် တိုက်စစ်မှူး ရွန်းနီအား တစ်ပတ်လုပ်ခလစာ ပေါင် ၂၀၀၀၀၀ ပေးနိုင်သည့် အသင်းအချို့ထဲမှ တစ်သင်းဖြစ်ကြောင်းလည်း အီဘရာဟီမိုဗစ်ချ်က ဆိုသည်။

သို့ရာတွင် မန်ယူအသင်းနည်းပြ ဆာအဲလက်စ်ဖာဂူဆန်ကမူ တိုက်စစ်မှူးရွန်းနီအား နွေရာသီအပြောင်းအရွှေ့ကာလတွင် ရောင်းချလိမ့်မည်မဟုတ်ကြောင်းနှင့် ရွန်းနီနှင့် ဗန်ပါစီကို အသင်းတွင် ဆက်ထိန်းသွားမည်ဖြစ်ကြောင်း အခိုင်အမာပြောကြားခဲ့သည်။



ချယ်လ်ဆီးအတွက် မော်ရင်ဟိုပြန်လာရန်လိုအပ်ဟု ဒရော့ဘာ ပြောကြား

ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းသည် လက်ရှိအချိန်တွင် နည်းပြစပယ်ရှယ်ဝမ်း မော်ရင်ဟို ပြန်လာရန်လိုအပ်နေသည်ဟု ယုံကြည်ထားကြောင်း ချယ်လ်ဆီးတိုက်စစ်မှူးဟောင်း ဒီဒီယာဒရော့ဘာက ပြောကြားခဲ့သည်။တိုက်စစ်မှူးဒရော့ဘာသည် မော်ရင်ဟိုအား ချယ်လ်ဆီးသို့ ပြန်ခေါ်ရေးတောင်းဆိုရန်လည်း ချယ်လ်ဆီး ပရိသတ်များကို ပြောကြားခဲ့ပြီး မော်ရင်ဟို၏ အသင်းတစ်သင်းမှ ကစားသမားများ ကိုင်တွယ်ပုံနှင့်ပင် ချယ်လ်ဆီးအသင်းကို ယခင်အတိုင်းပြန်ဖြစ်အောင် တည်ဆောက်ရန်လိုအပ်နေကြောင်း ချယ်လ်ဆီးအသင်းပိုင်ရှင် အီဘရာမိုဗစ်ချ်ထံသို့ သတင်းစကားပေးပို့ခဲ့ကြောင်း သိရသည်။

နည်းပြမော်ရင်ဟိုသည် ချယ်လ်ဆီးအသင်းအပြင် အင်တာမီလန်အသင်းကိုလည်း တာဝန်ယူကိုင်တွယ်ခဲ့ပြီး လက်ရှိတွင် စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းနည်းပြအဖြစ် တာဝန်ယူလျက်ရှိသော်လည်း ချယ်လ်ဆီးအသင်းနှင့် အင်္ဂလန်ဘောလုံးလောကကို ချစ်မြတ်နိုးဆဲဟုဆိုကာ အင်္ဂလန်မြေသို့ တစ်ကျော့ပြန်လည်ခြေချရန် ဆန္ဒပြင်းပြ နေကြောင်း ပြီးခဲ့သည့် သီတင်းပတ်များက သတင်းများထွက်ပေါ်ခဲ့သူဖြစ်သည်။ ထို့ကြောင့် ချယ်လ်ဆီးအသင်းအောင်မြင်မှုရရှိရေးအတွက် ပြန်လည်တည်ဆောက်ရန်မော်ရင်ဟိုကို ခေါ်ယူခြင်းသည်သာ အကောင်းဆုံးဖြစ်သည်ဟု ထင်ကြောင်း တိုက်စစ်မှူးဒရော့ဘာကဆိုသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
မူဆယ်-နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း
အလုပ်အမှုဆောင်အဖြစ် အဆိုပြုနိုင်ရန် ဖိတ်ခေါ်ခြင်း

မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း၏ (၁၉)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ၂၀၁၃ ခုနှစ်၊ ဇူလိုင်လတွင် ပြုလုပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၃-၂၀၁၅ ခုနှစ် အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်ဖွဲ့စည်းရာတွင် အသင်းအလုပ်အမှုဆောင်အဖြစ် ပါဝင်ဆောင်ရွက်လိုသည့် အသင်းဝင်များအနေဖြင့် မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်းရုံး၊ မူဆယ်မြို့တွင် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်မှစ၍ "အဆိုပြုလွှာ"များ ထုတ်ယူနိုင်ပါသည်။ ၂၀၁၃ခုနှစ် ဧပြီလ ၁ရက်မှ ၂၀၁၃ခုနှစ်၊ မေလ ၁၅ ရက်အတွင်း "အဆိုပြုလွှာ"များ တင်သွင်းနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဦးခင်ဇော်(ရုံးအုပ်)

ဖုန်း - ၀၈၂-၅၀၆၄၈၊ ၅၂၉၈၄၊ ၀၉-၅၂၃၃၂၅၀၊ ၀၉-၅၂၁၄၀၇၅၊
၀၆၉၂-၆၂၈၂၅၅၄၊ ၆၂၀၅၄၇၄

အလုပ်အမှုဆောင်အဖွဲ့
မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း

ဖိတ်ကြားအပ်ပါသည်

ကျောက်တန်းမြို့နယ်အသင်း (၂၆)ကြိမ်မြောက် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဧပြီလ ၇ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် အသင်းတည်ရာအမှတ်(၁၃၆၃)၊ လက်ဝဲမင်းဒင်လမ်း၊ မေတ္တာညွန့် ရပ်ကွက်၊ တာမွေမြို့နယ်၌ ကျင်းပမည်ဖြစ်သည်။ အသင်းဝင်များ တက်ရောက်ကြပါရန်နှင့် အသက်(၇၅)နှစ်ပြည့်ပြီးသူ အသင်းဝင်များ၊ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသူ အသင်းဝင်သား၊ သမီးများသည် ရဲမှူးကြီး ဦးစိန်ထွန်းအောင်(ငြိမ်း) ဖုန်း-၀၁-၅၇၀၈၅၉၊ ၀၉-၇၃၂၄၃၉၆၇၊ ဦးချန်ဟိုး ဖုန်း-၀၁-၆၈၁၃၉၅၊ ၀၉-၅၁၄၈၆၆၀၊ ဦးရဲထွဋ် ဖုန်း-၀၉-၅၀၀၉၈၇၂။ ဦးဝေလွင် ဖုန်း-၀၁-၅၄၈၁၁၃တို့သို့ ဆက်သွယ်နိုင်ပါသည်။

စာပေမြင့်မှ လူမျိုးတင့်မည်

INVITATION FOR TENDER

TENDER No. BRIDGE/BYN-2/2013-2014/NPT/ST-001

1. Opened Tender is invited by Public Works, Ministry of Construction, Nay Pyi Taw, the Republic of the Union of Myanmar for the Supply of Steel Truss and Accessories for BAYINTNAUNG BRIDGE No.2(Four Lanes Highway Bridge Construction Project)across Hline River, it links Mayangon Township with Hlinethaya Township, Yangon Region.

2. Tender application form of BAYINTNAUNG BRIDGE No.2(including Technical Specifications, terms of Tender, Tender Schedule and Offer Form) can be purchased with USD 1000 (One Thousand Only).

3. The payment for tender application must be paid to Public Works's Account OA-010311, Myanmar Economic Bank(2) through Myanmar Foreign Trade Bank.

4. The Tender documents can be obtained from Bridge Division, Building No.(11), Public Works, Ministry of Construction, Nay Pyi Taw, the Republic of the Union of Myanmar only with the Cash Receipt delivered by Account Division, Public Works from 5th April, 2013 to 25th April, 2013 in office time.

5. Tender should be submitted to the above address not later than 16:30 hours on 5th June, 2013.

6. For further detail information, Please contact to Telephone No.067-407183, 407514.

Managing Director
Public Works

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကိုတည်တည်ငြိမ်ငြိမ်ထားပါ။

(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။

(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။

(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီ ပူးပေါင်းငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

မြန်မာနိုင်ငံတော်၏ အမျိုးဘာသာ၊ သာသနာ၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် မြန်မာနိုင်ငံသားတိုင်းရင်းသားခရီးသွားလုပ်ငန်းရှင်များ၏ ဆန္ဒခံယူပွဲကြီးသို့ ဖိတ်ကြားခြင်း

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၃၁-၁-၂၀၁၃ ရက်နေ့တွင် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၃ တွင် မြန်မာနိုင်ငံ၌ နိုင်ငံခြားသားများအား မြန်မာနိုင်ငံသားများနှင့် ခရီးသွားလုပ်ငန်းများကို ဖက်စပ်လုပ်ကိုင်ခွင့်ပြုခြင်းကို ဖျက်သိမ်းပေးနိုင်ရန်အတွက် မြန်မာနိုင်ငံသားတိုင်းရင်းသားခရီးသွားလုပ်ငန်းရှင်များ ကိုယ်တိုင်ကိုယ်ကျတက်ရောက်ပြီး ဆန္ဒမဲပေးရန်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတကြီးနှင့် ဒုတိယသမ္မတများ၊ ပြည်သူ့/အမျိုးသားလွှတ်တော်ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများနှင့် သတင်းမီဒီယာများ၏ ကိုယ်စားလှယ်များ မြန်မာနိုင်ငံ၏ အမျိုးဘာသာ၊ သာသနာ၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် မြန်မာနိုင်ငံတိုင်းရင်းသားအားလုံးမှ ဆန္ဒခံယူပွဲကြီးသို့ တက်ရောက်အသိအမှတ်ပြုပေးပါရန် ဖိတ်ကြားအပ်ပါသည်။

ဆန္ဒခံယူပွဲကြီး ကျင်းပမည့်နေ့ရက်နှင့် အချိန်	- ၂၀၁၃ ခုနှစ်၊ ဧပြီလ (၇)ရက် (တနင်္ဂနွေနေ့) မွန်းလွဲ (၂ နာရီမှ ၅ နာရီထိ)
ဆန္ဒခံယူပွဲကြီး ကျင်းပမည့်နေရာ	- Crystal Jade Restaurant Hall တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်
ဖိတ်ကြားသည့်အဖွဲ့	- မြန်မာနိုင်ငံသားတိုင်းရင်းသားခရီးသွားလုပ်ငန်းရှင်များ (Myanmar National Tourism Organization Committee)အမှတ်(၁၆)၊ အောင်ဆန်းကွင်းတောင်ဘက်၊ ရန်ကုန်မြို့။ ဖုန်း- 243185၊ 374146၊ 09 5017373၊ 09 2005650

စည်းကမ်းဖောက်ဖျက်မှုများအား တိုင်ကြားလာပါက စိစစ်အရေးယူသွားမည်

ရန်ကုန် မေ ၄

သင်္ကြန်ကာလအတွင်း၌လည်း ယာဉ်စီးခပိုတောင်းခြင်း၊ အရက်သေစာသောက်စား၍မောင်းနှင်ခြင်းများနှင့် ထူးခြားဖြစ်စဉ်များကို ပြည်သူများတိုင်ကြားလာပါက ယာဉ်လိုင်းအဖွဲ့အစည်းများအလိုက် ချက်ချင်းစိစစ်အရေးယူသွားမည်ဖြစ်ကြောင်းကို မေ ၃ ရက် ပုံမှန် မီဒီယာတွေ့ဆုံပွဲတွင် ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုဗဟိုကော်မတီ ဥက္ကဋ္ဌက ပြောကြားခဲ့သည်။

သင်္ကြန်ကာလအတွင်း ခရီးသွားပြည်သူများ သွားလာမှု အဆင်ပြေစေရေးအတွက် မထသဗဟိုကြီးကြပ်မှုအောက်ရှိ ယာဉ်လိုင်းအဖွဲ့အစည်းများမှ ယာဉ်လိုင်း ၁၅၃ လိုင်း၊ ယာဉ်စီးရေ ၂၀၁၉ စီးခန့်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ပြေးဆွဲပေးသွားမည်ဖြစ်သည်။ ရန်ကုန်မြို့တွင်း ပြေးဆွဲလျက်ရှိသည့် ရွှေဇည့်သည်၊ မြို့တော်စည်ပင်ယာဉ်လိုင်း၊ ရွှေအင်းဝ၊ စစ်မှုထမ်းဟောင်း (အတွင်း)၊ စစ်မှုထမ်းဟောင်း (အပြင်)၊ ဂျီအီးစီ ယာဉ်လိုင်းနှင့် မြန်မာ့သားကောင်းယာဉ်လိုင်းတို့မှာ ၁၃ ရက်မှ ၁၆ ရက်အထိလည်းကောင်း၊ ဗန္ဓုလသယ်ယူ ပို့ဆောင်ရေး (ပါရမီ) ယာဉ်လိုင်းမှာ ၁၄ ရက်မှ ၁၆ ရက်အထိ ယာဉ်လိုင်းပြေးဆွဲမှုကို ရပ်နားမည်ဟု သိရသည်။

ခရီးဝေးသွားကြမည့် ပြည်သူများအတွက် မထသ (အဝေးပြေး)မှ ယာဉ်လိုင်း ၁၃ လိုင်း၊ နေ့စဉ် ယာဉ်စီးရေ ၂၈ စီးဖြင့်ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ယာဉ်စီးခမှာ မူလသတ်မှတ်နှုန်းထားအတိုင်းဖြစ်ပြီး ယာဉ်လိုင်း အားလုံးကို ၁၇ ရက် (နှစ်ဆန်းတစ်ရက်)နေ့တွင် ပုံမှန်အတိုင်းပြန်လည်ပြေးဆွဲသွားမည်ဟုလည်း ပြောကြားခဲ့သည်။

မူးယစ်သောက်စား၍ ယာဉ်မမောင်းရ၊ အပျော်လွန်ကြူး၍ စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ၊ မော်တော်ယာဉ်များတွင် အိပ်ဇောပိုက်ဖြုတ်မမောင်းရစသည်ဖြင့် ယာဉ်မောင်းသူများသတိပြုရန် ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှု ဗဟိုကော်မတီက စည်းကမ်းချက် ၁၁ ချက်ထုတ်ပြန်ထားသည်။

မထသ ဗဟိုကြီးကြပ်မှုအောက်ရှိ ယာဉ်လိုင်းအဖွဲ့အစည်းများအား စည်းကမ်းလိုက်နာကြရန် ညွှန်ကြားထားပြီး ပြည်သူများကလည်း စည်းကမ်းဖောက်ဖျက်မှုများကို တွေ့ရှိပါက တိုင်ကြားနိုင်ကြောင်း၊ "ယာဉ်စီးခပိုတောင်းတာ၊ စည်းကမ်းမလိုက်နာတာတွေနဲ့ ထူးခြားဖြစ်စဉ်တွေတွေ့ရင်လည်း အကြောင်းကြားပေးပါ။ အဲဒါမှ သက်ဆိုင်ရာယာဉ်လိုင်းတွေကို ချက်ချင်းပြောမယ်။ တစ်ရက်ပိုစောပြီး ထိန်းနိုင်ရင် ပြည်သူတွေ တစ်ရက်ပိုပြီး စိတ်ချမ်းချမ်းသာသာ သွားလာနိုင်မှာဖြစ်ပါတယ်။ စည်းကမ်းဖောက်ဖျက်မှုများကို စစ်ဆေးတွေ့ရှိပါက မထသ(ဗဟို)မှ ထုတ်ပြန်ထားသည့် ပြစ်မှုပြစ်ဒဏ်များအတိုင်း အရေးယူသွားမှာဖြစ်ပါတယ်" ဟုလည်း ဒုတိယဥက္ကဋ္ဌက ပြောကြားခဲ့သည်။

(နန္ဒာဝင်း)

မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

- အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
- သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးလှသိန်းအောင်(ဘရေ-ငြိမ်း)-ဗိုလ်ကြီးဒေါ်ခင်ညွန့်(ငြိမ်း)တို့၏ တစ်ဦးတည်းသောသား၊
Dr. ရှိုးရှိုးအောင် M.B., B.S(Ygn), M.Med Sc(Internal Medicine)၊
Dr. မြတ်သန္တာအောင် M.B.,B.S(Ygn) တို့၏ အစ်ကို

ဒေါက်တာအောင်ကိုကိုထက် **M.B.,B.S(Ygn) Final year M.Med. Sc (Ophthalmology)**
ရန်ကုန်မျက်စိဆေးရုံကြီး

နှင့်

နေပြည်တော်နေ ဦးစိုးဝင်း(ဒုတိယဝန်ကြီး၊ သာသနာရေးဝန်ကြီးဌာန)-ဒေါ်သန်းသန်းအေးတို့၏ တစ်ဦးတည်းသောသမီး
မောင်ဖြိုးဇင်ဝင်း Master (F.G)-မမီလျံအေးတို့၏ညီမ

ဒေါက်တာဆောင်းမို့မို့ဝင်း **M.B.,B.S(Ygn)**
လက်ထောက်ဆရာဝန်(သယ်န်းကျွန်းစံပြဆေးရုံကြီး)

တို့၏ ၁၄-၂-၂၀၁၃ရက်(ကြာသပတေးနေ့)မြရိပ်ညိုဟိုတယ်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲ၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ဦးဝင်းဆွေ(တရားသူကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်)နှင့် ဇနီး ဒေါ်နန်းနှင်းဆီ၊ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးပါသော သီရိသုဓမ္မသိင်္ဂီဒေါ်ခင်ကြည်၊ သီဟသုဓမ္မသိင်္ဂီဒေါက်တာဒေါ်နီလာသိန်းတို့အား လည်းကောင်း၊ ၃၀-၃-၂၀၁၃ရက်(စနေနေ့)တွင် Sedona Hotel(Grand Ball room)၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော သမဝါယမဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး သီရိပျံချီ ဦးကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်း တို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သရေစည်သူ ဦးဆန်းဆင့်နှင့် ဇနီး ဒေါ်ခင်မလေးတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကိုယ်တိုင်ကိုယ်ကျ တက်ရောက်ချီးမြှင့်ပေးပါသော မိဘဆရာသမား အကြီးအကဲများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့များပေးပို့ပေးပါသော မိဘဆရာသမား ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာပန်းများကြဲဖြန့်ပေးပါသော Dr နန့်မြတ်ဆုမွန်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးများ ကိုင်ဆောင်ပေးပါသော Dr မီမီစိုး၊ လက်ထပ်လက်စွပ်ကလပ်ကိုင်ဆောင်ပေးပါသော Dr မြတ်သန္တာအောင်၊ မင်္ဂလာသတို့သားအရံ၊ မင်္ဂလာသတို့သမီးအရံများအဖြစ် ဆောင်ရွက်ပေးပါသော Dr အေးလွင်နှင့် Dr ဝင်းရဲမွန်ထက်၊ Dr လွင်မီမီကိုနှင့် Dr မွန်မွန်သန့်၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာအခမ်းအနားတွင် မေတ္တာဖြင့် လက်ဝတ်ရတနာများဆင်မြန်းပေးပါသော အန်တီမိုး(နုရတနာ)တို့အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော တေးသံရှင်နှင်းရီသန့်အားလည်းကောင်း၊ တေးသီချင်းများဖြင့် ဖျော်ဖြေပေးပါသော (Cupid Band)အဖွဲ့သားများနှင့် တေးသံရှင်များအားလည်းကောင်း၊ မိတ်ကပ်နှင့်ဆံပင် ဒီဇင်ဘာနှင်း၊ မင်္ဂလာဝတ်စုံပြင်ဆင်ပေးပါသော ဒီဇိုင်နာပြည်စိုးအောင်၊ ပန်းအလှဆင်ပေးပါသော (Eternal Floral)နှင့် အဖွဲ့သားများလည်းကောင်း၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးပါသော ဒဂုံပုံနှိပ်တိုက်၊ မင်္ဂလာမှတ်တမ်းတင်ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးပေးပါသော ဦးစိုင်းဘုန်းထူးနှင့်အဖွဲ့ တို့အားလည်းကောင်း၊ ၃၁-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့)ညနေ Sedona Hotel(Pool Side)၌ ကျင်းပသော မင်္ဂလာညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော သူငယ်ချင်းမိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း အဘက်ဘက်မှဝိုင်းဝန်းကူညီပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာအောင်ကိုကိုထက်-ဒေါက်တာဆောင်းမို့မို့ဝင်း

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးမောင်ခိုင်(အုတ်ဖို) (၈၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ အမှတ်(၅/၈၀)၊ ဇာတိမာန်လမ်းနေ ဒေါ်မြင့်မြင့်၏ခင်ပွန်း၊ ဦးဝင်းနိုင် (ညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး-၈၊ ဆည်မြောင်းဦးစီးဌာန)-ဒေါ်မိမိခိုင်တို့၏ဖခင် ဦးမောင်ခိုင်သည် ၃-၄-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ည ၁၀း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)နှင့် ဇနီး

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးမောင်ခိုင်(အုတ်ဖို) (၈၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ အမှတ်(၅/၈၀)၊ ဇာတိမာန်လမ်းနေ ဒေါ်မြင့်မြင့်၏ခင်ပွန်း၊ ဦးဝင်းနိုင် (ညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး-၈၊ ဆည်မြောင်းဦးစီးဌာန)-ဒေါ်မိမိခိုင်တို့၏ဖခင် ဦးမောင်ခိုင်သည် ၃-၄-၂၀၁၃ (ဗုဒ္ဓဟူးနေ့)ည ၁၀း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးကျော်မြင့်လှိုင်(ညွှန်ကြားရေးမှူးချုပ်၊ ဆည်မြောင်းဦးစီးဌာန)- ဒေါ်စန္ဒာခင်(ဒုတိယဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးမောင်ခိုင်(အုတ်ဖို) (၈၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ အမှတ်(၅/၈၀)၊ ဇာတိမာန်လမ်းနေ ဒေါ်မြင့်မြင့်၏ခင်ပွန်း၊ ဦးဝင်းနိုင် (ညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး-၈၊ ဆည်မြောင်းဦးစီးဌာန)-ဒေါ်မိမိခိုင်တို့၏ဖခင် ဦးမောင်ခိုင်သည် ၃-၄-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ည ၁၀း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးစိုးမြင့်ထွန်းနှင့်ဇနီး (ဒု-ညွှန်ချုပ်၊ ဆည်မြောင်းဦးစီးဌာန)

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးမြင့်မော်-ဒေါ်မြိုင်မြိုင်ခင်တို့၏ မိခင် ဒေါ်တင်ရီသည် ၁-၄-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုကဲ့သို့ ဝမ်းနည်းကြေကွဲရပါသည်။

တင်မောင်ကြည်-အေးကေခိုင်
ဖိုးလပြည့်-ဖိုလမင်း
ဟတ်ချိုပိုး

ဝမ်းနည်းကြေကွဲခြင်း
ဦးအောင်ချို (၅၁)နှစ်
သစ္စာဒီပကယောဂီ

Health for All အလှူအပနှင့် ကျန်းမာရေးမဂ္ဂဇင်းနှင့် ရှင်မတောင်စာပေတို့၏ တာဝန်ခံအယ်ဒီတာ စာရေးဆရာ ဒေါက်တာကျော်မင်းဦး(သက်တန့်ချို) ဇနီး ဒေါ်ချိုချိုဝင်းတို့၏ ဖခင်(ဦးအောင်ချို-သစ္စာဒီပက ယောဂီ)သည် ၃-၄-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

Health for All အလှူအပနှင့် ကျန်းမာရေးမဂ္ဂဇင်း ရှင်မတောင်စာပေ

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်မေမေသန်း
Mrs. May Pedroni (Nee)Minus
(မာမီကြီး) (၉၆)နှစ်
(ရုံးအုပ်-ပြည်တွင်းအခွန်များဦးစီးဌာန-ငြိမ်း)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၃) ရပ်ကွက်၊ ရန်ရှင်းလမ်း၊ တိုက်အမှတ်(၂၀၁)၊ အခန်း(၂)နေ [ဦးချစ်ဝင်း (Francisco Pedroni)]၏ ဇနီး၊ Capt; ဦးချစ်ကိုကို(ရေလုပ်ငန်း-ငြိမ်း)-ဒေါ်ပြုံး၊ ဦးမောင်မောင်ဝင်း(NYK-ငြိမ်း)-ဒေါ်ယဉ်ယဉ်နွဲ့၊ ဒေါ်ချစ်ချစ်ဝင်း Judy (အလပြ-ငြိမ်း)- ဦးသန်းမောင် (တရားလွှတ်တော်ရှေ့နေ)၊ ဒေါ်ရီရီဝင်း Annette (အကောက်ခွန်ဦးစီးဌာန)- ဦးတင်မောင်စိုး Dicky Soe၊ ဒေါ်သန်းသန်းဝင်း Angue- ဦးမြင့်သန်းတို့၏ ချစ်လှစွာသော မိခင်၊ မြေးခြောက်ယောက်၊ မြစ်ငါးယောက်တို့၏အဘွား ဒေါ်မေမေသန်း(မာမီကြီး)သည် ၄-၄-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၃း၄၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ၂နာရီတွင် ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

ဦးခင်မောင်လတ်(ပဲခူး)
အသက်(၇၆)နှစ်
(လ/ထ ကြီးကြပ်ရေးမှူး-ငြိမ်း)
ပဲခူးတိုင်းဒေသကြီးပညာရေးမှူးရုံး

ပဲခူးမြို့၊ ဟသ်ာကုန်းရပ်နေ (ဦးဂျော်နီ-ဒေါ်သင်းစိန်)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးကျင်မာ-ဒေါ်မြအေး)တို့၏ သားသမက်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂) ရပ်ကွက်၊ အမှတ်(၂၆)နေ ဒေါ်အေးအေးမြင့်(မူ/ပြ-ငြိမ်း)၏ ခင်ပွန်း၊ ဦးဝင်းတင့်ဟန်(ခ)ဘိုဘို-ဒေါ်ဝေဝေအောင်၊ ဦးရဲနိုင်-ဒေါ်ခင်ချိုဆက်(ခ)ဒေါ်ဥမ္မာ (ပစ်တိုင်းထောင်-ကုန်မာဆိုင်)၊ (ဦးတင့်အောင်ကျော်)တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၃-၄-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ညနေ ၄း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၃ (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးတင်မောင် (၉၄)နှစ်
အထွေထွေမန်နေဂျာ(ငြိမ်း)
ကုန်သွယ်(လယ်/ယာ)

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ မိကျောင်းကန် အပိုင်း(၃) ရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ်(၇၆/၇၇)နေ (ဦးဘိုးစံ-ဒေါ်ရှင်)တို့၏သား၊ ဒေါ်ခင်အေး (ကုန်သွယ်လယ်/ယာ-ငြိမ်း)၏ ခင်ပွန်း၊ ဦးတင်အောင်ဘွား-ဒေါ်ကြည်ကြည်လေးတို့၏ဖခင်၊ မောင်သုဝေအောင်၊ မောင်သုခသင်းတို့၏အဘိုး ဦးတင်မောင်သည် ၃-၄-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ည ၉း၄၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၁၃ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၉-၄-၂၀၁၃ (အင်္ဂါ နေ့) နံနက် ၇ နာရီမှ ၁၂ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)
ဦးခင်မောင်ပေါ် (၆၁)နှစ်
ရွှေနဒီကုမ္ပဏီ

(ဦးဘိုစိန်-ဒေါ်တင်ရီ)တို့၏ သား၊ ဦးစိုးထွန်း-(ဒေါ်ကျင်ကျင်ဝင်း)တို့၏ မောင်၊ ဦးခင်မောင်ကျော်-ဒေါ်ခင်စန်းရီတို့၏ညီ၊ ကော့သောင်းမြို့နယ်အသင်း (ရန်ကုန်) အတွင်းရေးမှူး ဦးချစ်ခိုင်၏ သူငယ်ချင်း ဦးခင်မောင်ပေါ်သည် ၃-၄-၂၀၁၃ရက် ည ၇း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၃ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်)။ [၉-၄-၂၀၁၃ (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီထိ အမှတ်(၇၀)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ရပ်ဝေးရပ်နီးမိတ်ဆွေများအား ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

အနိဋ္ဌ

ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)
ဒေါ်ခင်ကြည်ကြည် (၈၅)နှစ်
(ပါမောက္ခ-ဆေး-၁၊ ငြိမ်း)

ရန်ကုန်မြို့၊ (၄၆/ဒီ)၊ မေလိခလမ်း၊ မရမ်းကုန်းမြို့နယ်နေ (ဦးဘအေး-ဒေါ်သိန်းတင်)တို့၏သမီး၊ (နာယက ဒုတိယဗိုလ်မှူးကြီးဝင်းလွင်-ငြိမ်း)၏ဇနီး၊ ဒေါက်တာသော်ဇင်- ဒေါ်ရွှေရည်၊ ဒေါ်တင်ယုယုလွင်-ဒေါက်တာခင်မောင်ဟန်၊ ဒေါ်ဝင်းမာလွင်-ဒေါက်တာညီညီဟန်၊ ဒေါ်ဆွေမာလွင်-ဒေါက်တာမြတ်သူ၊ ဦးအောင်ရဲထွဋ်-ဒေါ်သီတာစိုးတို့၏ မိခင်ကြီးသည် ၂၈-၃-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁-၄-၂၀၁၃ ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။အမှုဆောင်အဖွဲ့

ရဟန်း၊သိမ်၊ကျောင်း၊ဒါယိကာမကြီး
ဒေါ်ပန်းကြည်(ခ)ဒေါ်တလိုင်း
အသက်(၈၁)နှစ်
(မုတ္တမ၊ ကျွဲခြံ)

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ မုတ္တမ၊ ကျွဲခြံကျေးရွာတောင်ပိုင်းနေ(ဦးရွှေရည်-ဒေါ်သိန်းရွှေ)တို့၏သမီး၊ [ဦးထွန်းသင့်(ခ) ဦးသံချောင်း]၏ ဇနီး၊ ဒေါ်သန်းဝေ၊ ဦးစိုးသိန်း-ဒေါ်သန်းအေး၊ ဒေါ်မြဝေ၊ ဦးအောင် ညွန့်ဝင်း-ဒေါ်မြမြဦး၊ ဦးစိုးဝင်း-ဒေါ်မြင့်မြင့်သိန်း၊ ဒေါ်ညွန့်ညွန့်သီ၊ ဦးဝင်းဆွေ-ဒေါ်သန်းသန်းခိုင်၊ ဦးဝင်းထွဋ်-ဒေါ်သွယ်သွယ်အေး၊ ဦးကျော်မင်းနိုင်-ဒေါ်မြမြသီတို့၏မိခင်၊ မြေး ၁၂ယောက်တို့၏အဘွားသည် ၄-၄-၂၀၁၃(ကြာသပတေးနေ့) မွန်းလွဲ ၁၂း၄၅နာရီတွင် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ ရွှာမကျောင်းလမ်း၊ အမှတ်(၁)၊ ငါးလွှာနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၁၃(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၄-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ထားဝယ်အသင်း
ဦးဟန်စိန်(ခ)ဦးမောင်ချွေ
(ထားဝယ်)
အသက်(၈၁)နှစ်
ထားဝယ်အသင်း၊သက်ကြီးကန်တော့ခံ

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၆)ရပ်ကွက်၊ (၃၈)လမ်း၊ အမှတ်(၂၁၆)၊ ပထမထပ်နေ (ဦးအာယု-ဒေါ်မိန်ကြူ)တို့၏သား၊ (ဦးကြူဖိုနိုင်-ဒေါ်အေး)တို့၏ သားသမက်၊ ဒေါ်ရွှေ၏ခင်ပွန်း အသင်းဝင်အမှတ်(၈၁၂) ဦးဟန်စိန်(ခ)ဦးမောင်ချွေသည် ၃-၄-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၃ (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးကွမ်တုံသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။ (အသင်းမှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးမင်းအောင် အသက်(၇၀)

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နေ (ဦးဖိုးကွန့်-ဒေါ်ခလေးမ)တို့၏သား၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရှစ်မိုင်ခွဲ၊ ဆည်မြောင်းဝင်း၊ အမှတ် (ဘီ-၁၅/ခ)နေ ဒေါ်ခင်နွဲ့ရီ(ဆည်မြောင်း-ငြိမ်း)၏ ခင်ပွန်း၊ ကိုဟန်ညွန့် (ဆည်မြောင်း)- မနန္ဒာယဉ်နွဲ့ (ဆည်မြောင်း၊ ရုံးချုပ်)၊ ကိုကျော်ဇေယျ(ခ)ကျားလေး (ဆည်မြောင်း)-မမိုးမိုး၊ ကိုဇော်ရဲထွဋ်-မခိုင်သဇင်ဦးတို့၏မွေးသဖခင်၊ မောင်အောင်ဘုန်းမြတ်၏အဘိုး ဦးမင်းအောင်သည် ၃-၄-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ည ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၃ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၄-၂၀၁၃ (အင်္ဂါနေ့) နံနက်တွင် မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ ရှစ်မိုင်ခွဲ၊ ဆည်မြောင်းဝင်း၊ အမှတ်(ဘီ-၁၅/ခ)နေ ဒေါ်ခင်နွဲ့ရီ (ဆည်မြောင်း-ငြိမ်း)၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
ဆရာမကြီး ဒေါ်သိန်းနွဲ့
အသက်(၁၀၉)နှစ်
ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)ရွာသစ်အမက

ပဲခူးမြို့နေ (ဦးရွှေငြိမ်း-ဒေါ်ရွှေသစ်)တို့၏သမီး၊ ကျုံးထောင့်ဝိပဿနာစာသင်တိုက် ပဓာနနာယကဆရာတော် ဦးပညာဇောတ၊ ဒိုက်ဦးမြို့နယ်၊ ပေါက်တပင်ကျေးရွာ ဆရာတော် ဦးပဏ္ဍိလ၊ မူလဟသ်ာကုန်းကျောင်းဆရာတော် ဦးပညာလင်္ကာရတို့၏ရဟန်းမယ်တော် ပန်းခြံကုန်းရပ်ကွက် ကျုံးထောင့်ဝိပဿနာစာသင်တိုက် သီလရှင်ဇရပ်တန်းနေ ဒေါ်သိန်းနွဲ့သည် ၃-၄-၂၀၁၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၁၃(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးမောင်ခိုင်(အုတ်ဖို)
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ အမှတ်(၅/၈၀)၊ ဇာတိမာန်လမ်းနေ ဒေါ်မြင့်မြင့်၏ခင်ပွန်း၊ ဦးဝင်းနိုင် (ညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး-၈)-ဒေါ်မိမိခိုင်၊ ဦးအောင်နိုင်ဦး-ဒေါ်နှင်းနှင်းအေး၊ ဒေါက်တာရဲထွဋ်ဦး-ဒေါ်ချိုချိုထွန်းတို့၏ကျေးဇူးရှင်ဖခင်သည် ၃-၄-၂၀၁၃(ဗုဒ္ဓဟူးနေ့) ည ၁၀း၅၀နာရီတွင် မြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၃ (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးအောင်ချို (၅၁)နှစ်
(သစ္စာဒီပက ယောဂီ)

ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ ဦးဘိုကျွန်းကျေးရွာနေ (ဦးချစ်လှိုင်)-ဒေါ်အေးသောင်းတို့၏သား၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊ သုနန္ဒာ(၁၁)လမ်း၊ အမှတ်-၂၁၀နေ (ဦးထွန်း-ဒေါ်တင်အေး)တို့၏ သားသမက်၊ ဦးကျော်ငွေ-ဒေါ်တင်မေ၊ (ဦးသိန်းဦး)-ဒေါ်သီတာတို့၏ ညီ/မောင်၊ ဦးအောင်ကို၊ ဦးအောင်သူတို့၏အစ်ကို၊ ဒေါ်အေးအေးလှိုင်၏ခင်ပွန်း၊ ဒေါက်တာကျော်မင်းဦး (သက်တန့်ချို)-ဒေါ်ချိုချိုဝင်း၊ မအိဇာခြည်ထွန်းတို့၏ မွေးသဖခင်ကျေးဇူးရှင်သည် ၃-၄-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ညနေ ၄း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၃ (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ဝင်းသွယ်(ခ)ဒေါ်သန်းတင်
အသက်(၇၈)နှစ်
B.A အလယ်တန်းပြဆရာမ(ငြိမ်း)၊
အထက(၁)အင်းစိန်
အထက(၁)ကမာရွတ်(မရမ်းခြံ)

ကသာမြို့ အငြိမ်းစား ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်အဖွဲ့ ကိုယ်စားလှယ်(ဦးထွန်းမှင်-ဒေါ်စောခိုင်)တို့၏ သမီး၊ အမှတ်(၁၅၄)၊ (၃၂)ရပ်ကွက်၊ ပင်လုံလမ်းမကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်နေ ဦးသန်းလွင် (မြန်မာ့ဆက်သွယ်ရေးအင်ဂျင်နီယာ၊ ငြိမ်း)၏ ဇနီး၊ Dr. အေးမိုးမိုးလွင် (ညွှန်ကြားရေးမှူး၊ ဆေးသုတေသနဦးစီးဌာန၊ မြန်မာပြည်အလယ်ပိုင်း)-ဦးစိုးဝင်း(အလုပ်ရုံခွဲမှူး၊ ငြိမ်း၊ ကြွေရည်သုတ်ပစ္စည်းစက်ရုံ၊ အမှတ်-၂၊ အုတ်ကျင်း)တို့၏မိခင်၊ မောင်ကျော်စိုးမိုး (ခေတ္တ-စင်ကာပူ)၊ မောင်ညာဏ်လင်းထက် (ဒသမတန်း-G, TTC)တို့၏အဘွား၊ (ဦးမြင့်ဆွေ)-ဒေါ်ခင်ရွှေ၊ ဒေါ်မြတ်မြတ်ဆွေတို့၏ညီမ၊ (ဦးမင်းအောင်)၊ ဒေါ်နွဲ့နွဲ့(လက်ထောက်ပြည်နယ်ပညာရေးမှူး၊ စစ်ဆေးရေး၊ ငြိမ်း)- ဦးအောင်မြင့်၊ ဒေါက်တာဒေါ်သန်းတိုး-ဒေါက်တာဦးသိန်းထွန်းတို့၏အစ်မ ဒေါ်ဝင်းသွယ်(ခ)ဒေါ်သန်းတင်သည် ၃-၄-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ည ၉ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၃ (သောကြာနေ့) ညနေ ၄း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ် ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်) ကျန်ရစ်သူမိသားစု

ဘုရား၊ကျောင်း၊တံတိုင်းဒါယိကာမကြီး
ဒေါ်ခင်ကြည်(ခ)ဒေါ်ရှုကြည်
အသက်(၇၀)

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ (၃/က)ရပ်ကွက်၊ သရဖီလမ်း၊ အမှတ်(၄၀)နေ (ဦးမောင်စိန်-ဒေါ်ကျင်အေး)တို့၏သမီး၊ (ဦးလုံး-ဒေါ်ယဉ်)တို့၏ သမီးချွေးမ၊ (ဦးမောင်မောင်)-ဒေါ်သန်းကြည်၊ (ဦးကြီးမြင့်)-ဒေါ်ခင်မြမြ၊ (ဦးမောင်မောင်ဇင်)-ဒေါ်မြင့်ကြည်၊ (ဦးမောင်မောင်တင်)-ဒေါ်ညွန့်ညွန့်မြိုင်၊ ဦးသန်းထွန်း-ဒေါ်ညိုညိုဝင်း၊ ဦးစောမောင်မောင်-(ဒေါ်မြမြထွေး)၊ ဦးအောင်ညီလွင်-ဒေါ်ခါးလာတို့၏ချစ်လှစွာသော အစ်မ၊ မသင်းသင်းအေး၊ ဒေါက်တာမျိုးဆွေ (MD ရတနာ့ မေတ္တာအဖွဲ့)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ ဦးထွေးမောင်၏ ချစ်လှစွာသောဇနီး ဒေါ်ခင်ကြည်(ခ)ဒေါ်ရှုကြည်သည် ၄-၄-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၁၃ (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၁၅ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်သန်းကြည် (၉၂)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သာခုအရှေ့ရပ်ကွက်၊ နိဗ္ဗာန်လမ်း၊ အမှတ်(၁၅/အေ)နေ (ဦးသာဒင်-ဒေါ်ကြေးညွန့်)တို့၏ သမီးကြီး၊ (ဦးအုန်းမောင်)၏ဇနီး၊ ဦးမင်းနိုင်-ဒေါ်ခင်အေးကြူ၊ ဦးသိန်းစိုး-ဒေါ်ဘေဘီ၊ ဦးရန်အောင်-ဒေါ်တင်တင်မြင့်၊ (ဦးကျော်ဝင်း)၊ ဒေါက်တာမဋ္ဌုဖြွေး(UK)၊ ဒေါ်ကြည်ကြည်မြင့် (UK)၊ ဦးအေးမင်း(ခ) မိုးသက်ကို -ဒေါ်ကလျာနိုင်တို့၏မိခင်၊ ကိုသက်နိုင်ဦး-မသင်းသင်းလွင်၊ ကိုသက်နိုင်ထွေး-မဂျူလိုင်၊ ကိုသန့်စင်ဌေး (Uniteam)- မသင်းနွယ်စိုး၊ မခိုင်စပါယ်စိုး (Square Co., Ltd.)၊ မဇင်နွယ်နွယ်စိုး (Myint & Associates Co., Ltd.)၊ မစင်သီယာစိုး၊ မအိအိရန်အောင် (Myint & Associates Co., Ltd.)၊ မခေမာမဋ္ဌုဖြွေး၊ မောင်သီဟထက်နိုင်တို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၄-၄-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးသန်းဦး (၆၇)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၄) ရပ်ကွက်၊ အမှတ်(၃၈)၊ (၉)လမ်း၊ ငါးလွှာနေ (ဦးစောမောင်-ဒေါ်အေးမြိုင်)တို့၏ သားကြီး၊ ဦးတင်မောင်-ဒေါ်လုံးတို့၏ သားသမက်၊ ဒေါ်ကြည်လေး၏ခင်ပွန်း၊ ကိုထိန်လင်းဦး (ခေတ္တ-မလေးရှား)၊ ကိုမျိုးအောင်-မစန္ဒာသန်းဦး၊ (ကိုသန့်ဇင်ဦး)၊ (ကိုသက်လှိုင်ဦး)-မစန်းစန်းခိုင်တို့၏ဖခင်၊ (ဦးအေးမြင့်-ဒေါ်ခင်သန်းလတ်)၊ (ဦးညာဏ်အောင်)-ဒေါ်သင်းသင်းနု၊ ဒေါ်ခင်မာဆွေ၊ ဦးမောင်မောင်လွင်၊ ဒေါ်မိမိချို (အထက-၅၊ အလုံ)၊ ဦးမောင်မောင်တင် (မြန်မာ့မီးရထား)-ဒေါ်အေးမမတို့၏အစ်ကိုကြီး၊ တူ/တူမ ခြောက်ယောက်တို့၏ ဘကြီး၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၃-၄-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၃ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ပြင်ဆင်ဖတ်ရှုပါရန်

၃-၄-၂၀၁၃ရက်နေ့ ကြေးမုံသတင်းစာ စာမျက်နှာ(၂၃)ပါ ဒေါ်မြင့်မြင့်ကြည် အသက်(၇၇)နှစ်၏ နာရေးပါ အိမ်မှတ် (၃၅၀/၁၃)အစား အိမ်အမှတ် (၃၅၄/၁၃)ဟု ပြင်ဆင်ဖတ်ရှုပါရန်။ ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တနာဂိန္ဒာဘိဝံသ
သိက္ခာတော်(၆၀)၊ သက်တော်(၈၀)
သကျသီဟဓမ္မာစရိယနှင့် အစိုးရဓမ္မာစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မြတောင်ကျောင်းတိုက်၊ သာသနာ့ဂုဏ်ရည် ဇမ္ဗူအေးစာချကျောင်း၊ ပဓာနမဟာနာယကဆရာတော် ဘဒ္ဒန္တနာဂိန္ဒာဘိဝံသ သိက္ခာတော်(၆၀)၊ သက်တော်(၈၀)သည် (၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်) ၃-၄-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၁း၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်) ၉-၄-၂၀၁၃ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် မြတောင်ကျောင်းတိုက် သာသနာ့ဂုဏ်ရည်ဇမ္ဗူအေးစာချကျောင်း၌ သာဓုကီဠနပူဇာသဘင် ဆင်ယင်ကျင်းပပြီး ကြာနီကန်သုသာန်သို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိဈာပန ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်တီနှင့်
တပည့် သံဃာတော်များ၊ တပည့် ဒါယကာ၊ ဒါယိကာမများ

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တအာဒိစ္စ(သာသနာ့ဇောတိကဓမ္မာစရိယ-အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ပျဉ်းမပင်(သုဓမ္မာ)ပဝါရဏာဂိုဏ်းကြီး၏နာယက
သိက္ခာတော်(၅၂)ဝါ၊ သက်တော်(၇၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာ အုပ်စု ကိုးလုံးကွင်းကျေးရွာ၊ ကိုးလုံးကွင်း ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တအာဒိစ္စသည် (၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်) ၂-၄-၂၀၁၃(အင်္ဂါနေ့) ညနေ ၅း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ (၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၀ရက်) ၂၀-၄-၂၀၁၃ (စနေနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကိုးလုံးကွင်းသုသာန်သို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိဈာပနသဘင် ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့် သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

တပည့်သံဃာ ဒါယကာ၊ ဒါယိကာမများ
ကိုးလုံးကွင်းပရိယတ္တိစာသင်တိုက်

ဦးခွေး(ခ)ဦးစိန်လင်း
အသက်(၈၈)နှစ်

ရွှေဘိုမြို့နေ ဦးကောက်-(ဒေါ်လှရင်)၊ မန္တလေးမြို့နေ (ဦးတင်ထွန်း)-ဒေါ်လှသိန်း၊ ရန်ကုန်မြို့နေ (ဦးသောင်းရှိန်-ဒေါ်အုန်းကြည်)၊ ဒေါ်အေးအေးလွင်၊ ရွှေဘိုမြို့နေ (ဦးတိုး)-ဒေါ်ခင်သန်းအေး၊ မန္တလေးမြို့နေ ဦးထွန်းရွှေ-ဒေါ်ကျင်စုတို့၏အစ်ကိုကြီး၊ မန္တလေးမြို့၊လမ်း(၃၀)၊ဓာတ်နန်းရပ်နေ ဦးမြင့်လှိုင်၊ မတင်တင်လှိုင်၊ မတင်တင်အေးတို့၏ဖခင်၊ (ဒေါ်မိုးခင်)၏ခင်ပွန်းသည် ၃-၄-၂၀၁၃ရက် နံနက် ၅း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၃ရက် နံနက် ၁၁ နာရီ တွင် ကြာနီကန် ဗုဒ္ဓဘာသာဖုကျင့်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်ပိုးကြူ(ခ)ဒေါ်စောပိုးချူ
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ (၁၆၄)လမ်း၊ အမှတ်(၄၃)၊ ပထမထပ်နေ (ဦးချစ်ရွှေ)၏ဇနီး၊ ဦးဝင်းမြင့်-ဒေါ်အေးအေးသန်း၊ဦးသိန်းစိုး-ဒေါ်စန်းစန်းနု၊ (ဦးခင်လှိုင်)- ဒေါ်စန်းစန်းလွင်၊ ဦးအောင်မြင့်စိုး-ဒေါ်လေးလေးကြူ(ခ)လေစိန်၊ ဦးဇော်နိုင်ထွန်း-ဒေါ်တင်တင်ထွေး၊ ဦးမျိုးမင်းဟန်၊ ဦးအောင်ကျော်မိုး-ဒေါ်စိမ်းယုယုနှင်းတို့၏ မွေးသမိခင်၊ မြေး ၁၃ ယောက်တို့၏အဘွား ဒေါ်ပိုးကြူသည် ၄-၄-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၇း၀၅ နာရီတွင် ကွယ်လွန်၍ ၆-၄-၂၀၁၃ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးတိုးလွင်(ခ)ပါပါကြီး(ဗဟန်း)
အသက်(၆၃)နှစ်
ရွှေတိဂုံဘုရားအရှေ့မုခ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံသာ ရပ်ကွက်၊ အာဇာနည်လမ်း၊အမှတ်(၈၆/B-1)နေ (ဦးတင်ညွန့်-ဒေါ်ခင်ကြည်)တို့၏သားကြီး၊ (ဦးအေးမောင်-ဒေါ်ကျင်မြိုင်)တို့၏သားသမက်၊ ဒေါ်အေးအေးမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးစိုးဦး-ဒေါ်သီတာလွင်၊ ကိုအောင်ဆန်းလွင်-မအိဇာဖြူတို့၏မွေးသဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၃-၄-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၃ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်မြ(ခ)ရာအွန်နာ (၈၈)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ လသာလမ်း၊ အမှတ်(၁၃၅)နေ [ဦးခေါ်ကျင်စီ(ခ) ခေါ်ရာကျန်လု-ဒေါ်ဂေါ်အော်လျက်]တို့၏သမီး၊ [ဦးယွန်တိတ်ရှု(ခ) ဦးစောလွင်]၏ဇနီး၊ ဒေါ်ပို့ပို့၊ ဦးဟုတ်ကြိမ်-ဒေါ်တင်တင်၊ ဦးတင်အောင်-ဒေါ်ရင်ရင်အေး၊ ဦးတင်သန်း-ဒေါ်စိန်ကြည်ဝင်း၊ ဦးသိန်းနိုင်-ဒေါ်လျှောက်ရင်၊ ဒေါ်တင်ဝင်း၊ ကိုလုစွမ့်-ဒေါ်ပိုလန်၊ ဦးသိန်းညွန့်(ခ) ကိုအာရော-ဒေါ်မြမြစိမ်း(ခ) မယယ်ယယ်တို့၏ ချစ်လှစွာသောမိခင်၊ မြေး ၁၈ယောက်၊ မြစ်သုံးယောက်တို့၏ ဘွားဘွားသည် ၃-၄-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၅း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၃(သောကြာနေ့) နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်ခင်ရှိန် (၈၅)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဗိုလ်မြတ်ထွန်းလမ်း၊ ကိုးလွှာ(A)၊ အမှတ်(၂၅၅/၂၅၇)နေ (ဦးဆာမိ)၏ဇနီး၊ (ဦးအောင်လွင်)-ဒေါ်ခင်လှရွှေ၊ (ဦးဇော်ဇော်ဦး)-ဒေါ်မြမြဝင်း၊ ဦးမြင့်လွင်-ဒေါ်လှလှဝင်း၊ ဒေါ်မြမြရွှေ၊ (ဦးအောင်မိုး)-ဒေါ်ငွေငွေဝင်း၊ ဦးခင်မောင်ထွန်း-ဒေါ်မြမြညို၊ ဦးကျော်သူရ-ဒေါ်စိုးစိုးအေးတို့၏မိခင်ကြီး၊ မြေးလေးယောက်တို့၏အဘွားသည် ၃-၄-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၃ (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၂၉၁၈၃၃၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ **R/184**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကင်းထောက်လူငယ်များအဖွဲ့အား တွေ့ဆုံ

နေပြည်တော်　　　　မေ　　၄

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကင်းထောက်လူငယ်လေ့လာရေးအဖွဲ့အား ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်က ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။(အပေါ်ပုံ)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြောကြားရာတွင် ယခုကဲ့သို့ လာရောက်လေ့လာသည့်အတွက် ပြည်သူ့လွှတ်တော်အနေဖြင့် ကြိုဆိုကြောင်း၊ အလေးထားလာရောက်လေ့လာခြင်းကို လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဂုဏ်ယူပြီး အထူးပင်ဝမ်းမြောက်ကြောင်းနှင့် လွှတ်တော်သည် ပြည်သူများ၏ ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ပြည်သူများ၏ အကျိုးစီးပွား၊ နိုင်ငံတော်၏ အကျိုးစီးပွားကို ဖြစ်နိုင်သမျှ ဖော်ဆောင်ပေးမည်ဆိုသည့် စေတနာကောင်းဖြင့် ရည်ရွယ်ချက်ထားရှိပြီး ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း မောင်တို့မယ်တို့ရှေ့တွင် ကတိပေးပြောကြားလိုကြောင်း၊ နိုင်ငံတကာတွင် လွှတ်တော်များသည် နိုင်ငံများ၏ အသက်ဝိညာဉ်ဖြစ်သကဲ့သို့ နိုင်ငံတော်တည်ဆောက်သည့်နေရာတွင် လွှတ်တော်များ၏အခန်းကဏ္ဍသည် အရေးကြီးသည်ဟု ပြောကြားကြကြောင်း၊ ၎င်းကိစ္စသည် မှန်ကန်သည့်ကိစ္စတစ်ခုဖြစ်ပါကြောင်း။

ထို့ကြောင့် မိမိတို့ လွှတ်တော်သည်လည်း နိုင်ငံပြုပြင်ပြောင်းလဲရေးနှင့် နိုင်ငံတည်ဆောက်ရေးတွင် ယခုထက်ပိုမိုပြီး ဆောင်ရွက်နိုင်ရန် မိမိတို့လွှတ်တော်တွင်ရှိကြသည့် ပြည်သူ့ကိုယ်စားလှယ်များ၏ အရည်အချင်းကို မြှင့်တင်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း ထပ်လောင်းအသိပေးလိုကြောင်း၊ မောင်တို့မယ်တို့သည် မိမိနိုင်ငံအပေါ် ချစ်မြတ်နိုးသစ္စာရှိပြီး နိုင်ငံ့သားကောင်းများဖြစ်ရန်လိုကြောင်းနှင့် စိတ်ထားစေတနာနှင့် လေ့ကျင့်မှုများပြုရန်လိုကြောင်း၊ စိတ်ဓာတ်ကောင်းအောင်၊ စည်းကမ်းကောင်းအောင်၊ အရည်အချင်းရှိအောင် လေ့ကျင့်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မောင်တို့ မယ်တို့အနေဖြင့် နိုင်ငံ့သားကောင်းဖြစ်အောင်၊ နိုင်ငံ့သမီးကောင်းများဖြစ်အောင် စိတ်ဓာတ်ကောင်းရန်၊ စည်းကမ်းကောင်းရန်၊ အရည်အချင်းရှိရန် ကြိုးစားနေရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်သည့်နေရာတွင် အချိန်ကို

စာမျက်နှာ ၉ ကော်လံ ၁ သို့

အမေရိကန်ကို နျူလက်နက်ဖြင့် တိုက်ခိုက်မည်ဟု မြောက်ကိုရီးယားသတိပေး ဒုံးကျည်တစ်စင်း အရှေ့ဘက်ကမ်းရိုးတန်းသို့ ပြောင်းရွှေ့

ဘာသာပြန် ➢ မောင်သာယာ

မြောက်ကိုရီးယားနိုင်ငံသည် တာလတ်ပစ်ဒုံးကျည်တစ်စင်းကို အရှေ့ဘက်ကမ်းရိုးတန်းသို့ ပြောင်းရွှေ့ချထားလိုက်ကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီးက မေ ၄ ရက်တွင် ထုတ်ဖော်ပြောကြားလိုက်ပြီး ယင်းသို့ မြောက်ကိုရီးယား၏ လှုပ်ရှားမှုသည် ပဋိပက္ခဖြစ်ပွားနေသော မိမိတို့နှစ်နိုင်ငံ၏ အနေအထားကို အဆိုးဆုံးအခြေအနေသို့ရောက်ရှိစေရန် ဖန်တီးပြင်ဆင်သည့်လက္ခဏာများ မတွေ့ရကြောင်း ၎င်းက ပြောကြားသည်။

အဆိုပါ ပြောင်းရွှေ့မှုသတင်းသည် မြောက်ကိုရီးယားစစ်ဘက်က အမေရိကန်နိုင်ငံကို နျူကလီးယားလက်နက်ဖြင့် တိုက်ခိုက်မည်ဟု သတိပေးပြီး နာရီပိုင်းအကြာတွင် ထွက်ပေါ်လာခြင်းဖြစ်သည်။

တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီး ကင်မ်ကွမ်ဂျင်က ဂျပန်သတင်းမီဒီယာများတွင် သုံးသပ်ဖော်ပြထားသော အဆိုပါ

စာမျက်နှာ ၈ ကော်လံ ၁ သို့

ချေချင်းညာမှ မိုးမျှော်အဆောက်အအုံသစ်တစ်လုံး မီးလောင်

ဘာသာပြန် ➢ အေဝမ်းစိုး(ကြေးမုံ)

ရုရှားနိုင်ငံ မြောက်ကော့ကေးဆပ် ချေချင်းညာဒေသမှ အမြင့်ဆုံး မိုးမျှော်အဆောက်အအုံတစ်ခုဖြစ်သည့် ဇိမ်ခံဟိုတယ်တစ်လုံးသည် မီးလောင်မှုဖြစ်ပွားခဲ့ရာ**(အောက်ပုံ)** လုံးဝနီးပါးပျက်စီးဆုံးရှုံးသွားခဲ့ကြောင်း အာရ်တီသတင်းဌာနက ရေးသားဖော်ပြသည်။

ဒေသခံအရေးပေါ် ကူညီကယ်ဆယ်ရေးဌာန၏ ကနဦးစုံစမ်းစစ်ဆေးမှုများအရ Grozny City မိုးမျှော်အဆောက်အအုံကို မေ ၄ ရက် (ကြာသပတေးနေ့) နံနက် ၁ နာရီခွဲခန့်တွင် စတင်လောင်ကျွမ်းခဲ့ပြီး အထပ်ပေါင်း ၄၀ ရှိသည့် အဆိုပါအဆောက်အအုံမှာ တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးလုနီးပါးအခြေအနေသို့ ရောက်နေပြီဟု သိရသည်။

၄၇၅ ပေ (၁၄၅ မီတာ)မြင့်သည့် အဆိုပါမိုးမျှော်တိုက်သည် ဆောက်လုပ်ဆဲအဆောက်အအုံဖြစ်သည့်အတွက် လူတစ်ဦးတစ်ယောက်မျှထိခိုက်သေဆုံးမှု မရှိခဲ့ကြောင်း ဒေသခံရဲအရာရှိများက အတည်ပြုပြောကြားသည်။ မီးလောင်ရာသို့ မီးသတ်ကားများ၊ မီးသတ်တပ်ဖွဲ့ဝင် ၃၀၀ နှင့် အရေးပေါ်လူနာတင်ယာဉ်များ ရောက်ရှိလာခဲ့ပြီး မီးလောင်မှုဧရိယာကို ပိတ်ဆို့ဝန်းရံထားခဲ့ရသည်။

မီးသတ်သမားများက လက်လှမ်းမီရာ အထပ်နိမ့်အဆောက်အအုံများကို ကြိုးစားငြိမ်းသတ်သော်လည်း

စာမျက်နှာ ၇ ကော်လံ ၁ သို့

ကြော်ငြာစာမျက်နှာ အပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာစာမျက်နှာ အပိုလေးမျက်နှာ ပါရှိပါသည်။

မြန်မာ့ဩဘာမှ တင်သွင်းထုတ်လုပ်ဖြန့်ချိသော ဖော်ပြပါ စိုက်ပျိုးရေးသုံးဆေးနှင့် ဓါတ်မြေဩဇာများသည် စံချိန်စံညွှန်း နှင့်အညီ အရည်အသွေးအပြည့်အဝပါရှိသည်ကို မြန်မာနိုင်ငံတောင်သူလယ်သမားအသင်း(ယာယီ)မှစစ်ဆေးတွေ့ ရှိကြောင်းတောင်သူ ဦးကြီး များအား ဝမ်းမြောက်စွာသတင်းကောင်းပါးအပ်ပါသည်။

Quality Assurance
awba
အရည်အသွေးအထူးအာမခံ

မြန်မာ့ဩဘာမှ တင်သွင်းထုတ်လုပ်ဖြန့်ချိသော စိုက်ပျိုးရေးသုံးဆေးနှင့် ဓါတ်မြေဩဇာများသည်နိုင်ငံတကာအသိအမှတ်ပြု(ISO 9001 / 2008) စက်ရုံမှ စံချိန်မှီ အရည်အသွေးဖြင့် ထုတ်လုပ်ထားပါကြောင်း အပြည့်အဝ အာမခံပါသည်။

ကျေးဇူးရှင်တောင်သူများအားအစဉ်လေးစားလျက်
မြန်မာ့ဩဘာ